# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 25 July 2017 (၈၉၉၆)


# ကချင်ပြည်နယ်ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် NCA လက်မှတ်ရေးထိုးရေး ရင်းနှီးစွာဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ဥက္ကဋ္ဌနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ဥက္ကဋ္ဌနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါင်က မိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်က ကချင်ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အခက်အခဲဖြစ်စေသည့် အခြေအနေများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# H1N1 ကူးစက်ရောဂါခံရသူ လူငယ်သုံးဦးမှာ စိတ်ချရသည့်အခြေအနေမရှိသေး

## ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ ကုသမှုခံယူရန်လို

**ရောဂါတိုက်ရိုက်ကူးစက်လွယ်သည့် နေရာများ**

ကုန်တိုက်တွေရဲ့ စက်လှေကားလက်ရန်း၊

တံခါးအဖွင့်အပိတ်လုပ်တဲ့ သော့ခလောက်၊

ဘတ်စ်ကားနှင့် မြို့ပတ်ရထားတွေ ...

**ရန်ကုန် ဇူလိုင် ၂၄**

လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသည့် H1N1 ရောဂါသည် လက်ရှိအချိန်တွင် စိုးရိမ်စရာအခြေအနေမဟုတ်ကြောင်း ဇူလိုင် ၂၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ခဲ့သော အဆိုပါကူးစက်ရောဂါနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်း H1N1 ကူးစက်ရောဂါသည် ယေဘုယျအားဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အခြေခံ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါရှိသူများ ကိုယ်ခံအားကျဆင်းနေသူများတွင် အဖြစ်များလေ့ရှိကြောင်း သိရသည်။ သို့သော်လည်း လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် H1N1 ကူးစက်ရောဂါခံစားနေရပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

H1N1 ရာသီတုပ်ကွေးရောဂါဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ စားပြီး ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေလုပ်ရင် ရောဂါပိုးဝင်ရောက်သည့်တိုင် ရောဂါပြင်းထန်ဆိုးရွားတဲ့အခြေအနေ ရောက်စရာအကြောင်းမရှိ

စာမျက်နှာ - ၁၀




# ကြေးမုံ

## ရာသီကာလရောဂါများကို ဂရုစိုက်

မိုးရာသီတွင် ရာသီကာလအလိုက်ရောဂါများ ဖြစ်ပွားတတ်သည်။ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားတတ်ပြီး အထူးသဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသောကာလတွင် ကူးစက်ရောဂါများကို ပို၍ဂရုစိုက်ရသည်။ ယခုတစ်လောတွင် ရန်ကုန်မြို့ရှိဆေးရုံကြီးနှစ်ရုံတွင် H1N1 တုပ်ကွေးရောဂါပိုးရှိသူ လူနာသုံးဦးတွေ့ရှိထားသည်ဟု ကြားသိရသည်။ အဆိုပါရောဂါပိုးမှာ စိုးရိမ်ရသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မသိရသေးသော်လည်း ရောဂါဖြစ်ပွားမှုအခြေအနေကို ယနေ့ စတင်သိရှိလာရသည်။

အဆိုပါ ရောဂါနှင့်ပတ်သက်၍ အများပြည်သူ စိုးရိမ်ထိတ်လန့်မှု မဖြစ်စေရေးအတွက် ကုသဆောင်ရွက်ပေးမှုနှင့် ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်နေမှုအခြေအနေများကို တရားဝင်အသိပေး သတင်းထုတ်ပြန်ပေးနေသည်ကို တွေ့ရသည်။ ယခု လက်ရှိတွင် ရန်ကုန်မြို့၌ အဖြစ်များသောရောဂါမှာ ရာသီတုပ်ကွေးရောဂါသာဖြစ်ပြီး ယခုကြားသိရသော H1N1 တုပ်ကွေးရောဂါပိုးနှင့် ရောထွေးကာ စိုးရိမ်ပူပန်မှုများ မဖြစ်သင့်ချေ။

H1N1 တုပ်ကွေးရောဂါပိုးမှာ ကူးစက်မြန်ပြီး ရောဂါဖြစ်ပွားသူအနေဖြင့် အထူးကြပ်မတ်ကုသစောင့်ရှောက်မှု ခံယူခြင်းမရှိပါက အသက်အန္တရာယ်အတွက် စိုးရိမ်ရသောရောဂါဖြစ်သည်။ ရာသီတုပ်ကွေးရောဂါမှာ အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိဟု ဆိုနိုင်သော်လည်း တစ်ပတ်ခန့်အပြင်းအထန်ခံစားရပြီး စနစ်တကျကုသမှုခံယူပါက ပျောက်ကင်းနိုင်သောရောဂါဖြစ်သည်။ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်များကို ကျန်းမာရေးဌာနက အသိပေးနေသည်ကိုတွေ့ရသည်။ H1N1 တုပ်ကွေးရောဂါပိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာက ယနေ့အသိပေးမည်ဟု သိရသည်။

H1N1 တုပ်ကွေးရောဂါနှင့် ရာသီတုပ်ကွေးရောဂါဖြစ်ပေါ်မှုမှာ သဘောသဘာဝအားဖြင့် တူညီနေသည်ကိုတွေ့ရသဖြင့် မည်သည့်တုပ်ကွေးရောဂါကိုမဆို အထူးသတိထားဖို့တော့ လိုမည်ဖြစ်သည်။ တုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိသည်။ တုပ်ကွေးရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတွင်းသို့ဝင်ရောက်ပြီး လူတစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာကူးစက်နိုင်သည်။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါခံစားနေရသူများအား ပိုမိုကူးစက်နိုင်သည်။ ထိုရောဂါကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပြီး အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်သည်ကို သတိထားရမည်ဖြစ်သည်။

ရောဂါဖြစ်ပွားသူအနေဖြင့် အထူးသတိပြုဆင်ခြင်နေထိုင်ရမည်ဖြစ်ပြီး နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများ ပျံ့နှံ့မှုကိုဟန့်တားနိုင်ရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေခြင်း၊ ချောင်းဆိုးခြင်းပြုလုပ်ပါရန် တိုက်တွန်းပါသည်။ လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး နှာခေါင်းစည်းတို့ကို အသုံးပြုသင့်သည်။ တုပ်ကွေးရောဂါပိုးများမှာ လက်တွင်ကပ်ငြိနိုင်သဖြင့် ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြစ်ပြီးသောအခါနှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးတိုင်းတွင် မိမိတို့၏လက်ကို ပိုးမွှားသေဆုံးနိုင်သော ဆပ်ပြာတို့ဖြင့် ဆေးကြောရမည်ဖြစ်သည်။

တုပ်ကွေးရောဂါဖြစ်ပွားနေသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူနေထူထပ်သော နေရာများသို့သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ ရန်ကုန်မြို့ကြီးကဲ့သို့ လူနေထူထပ်သောနေရာများတွင် ရောဂါကူးစက်ဖြစ်ပွားမှုလွယ်ကူသည်ကို သတိမူရမည်ဖြစ်သည်။ ရောဂါလက္ခဏာများဖြစ်ပေါ်ပါက လုံလောက်စွာအနားယူသင့်ပြီး အရည်များများသောက်သုံးခြင်း၊ ကိုယ်အပူချိန်များပါက ရေပတ်တိုက်ခြင်းနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါတုပ်ကွေးရောဂါ လူအများသို့မကူးစက်စေရေးအတွက် မြန်မာ့ရိုးရာတိုင်းရင်းဆေးဖြစ်သော ချင်းနှင့် အခြားဆေးဖက်ဝင်အသီးအနှံများ ရောနှောထားသည့် ပြုတ်ရည်ကိုသောက်သုံးခြင်းဖြင့် ရောဂါကိုကြိုတင်ကာကွယ်ထားနိုင်ပေသည်။

သို့ဖြစ်ရာ မိုးရာသီကာလတွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သည်ကို သတိမူရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်းအနေဖြင့် အပြုအမူ၊ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်တို့မှအစ သတိထားဆင်ခြင်ကာ ရောဂါဘယများ ကင်းစင်ပြီး ကျန်းမာခြင်းနှင့် ပြည့်စုံအောင် ကျင့်ကြံနေထိုင်ကြရန် အလေးအနက်တိုက်တွန်းပါသည်။ ။

## စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၂၄**

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏ ဝင်ငွေအကျိုးအမြတ် တိုးမြင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စားသုံးမှုအရည်အသွေးကောင်းမွန်ရေး၊ တစ်ဧကချင်းအထွက်နှုန်း တိုးတက်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် အဓိကအရင်းအမြစ်ဖြစ်သော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များ ပွားများထုတ်လုပ် ဖြန့်ဖြူးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါး သုတေသနဌာန မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း ကွင်းဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာသော ရာသီဉတုနှင့် လိုက်လျောညီထွေမှုရှိစေမည့် သီးနှံပုံစံ၊ မျိုးစေ့နှင့် တောင်သူလက်တွေ့အသုံးချနိုင်မည့် နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေးကို မိမိတို့ကျရာ အခန်းကဏ္ဍများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ တိုးတက်လာသော နည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာကြရန် လိုအပ်သကဲ့သို့ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသစ်များ ဖော်ထုတ်အသုံးချနိုင်ရေးကို မိမိတို့သင်ကြားတတ်မြောက်ထားသော ပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်ကာ တီထွင်ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြန်မာ့ဆန်စပါး သုတေသနဌာန မျိုးစေ့ထုတ်စိုက်ကွင်းအတွင်း SRI စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ၁၇ ရက်သားအရွယ်ရှိ ဆင်းသုခ (ဆင့်ပွားမျိုးစေ့ F.S) မျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း၊ ၁၈ ရက်သားအရွယ်ရှိ ဆင်းသုခ (မျိုးသန့်မျိုးပွား မျိုးစေ့ R.S) မျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း၊ ကောက်စိုက်စက်အသုံးပြု စိုက်ပျိုးနေမှုနှင့် ကြားပေါင်းလိုက် ကိရိယာအသုံးပြုဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## သီပေါမြို့နယ်၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**သီပေါ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမြင့်ကျော်က မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများအား လူကုန်ကူးမှုဆိုင်ရာတားဆီးကာကွယ်ရေး၊ မှုခင်းကျဆင်းရေးတို့အတွက် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

■

## စပါးပင်ဖျက်ခရုများ ကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြ

**ဘီးလင်း ဇူလိုင် ၂၄**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် စပါးပင်ဖျက်ခရုများအား ကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၂ ရက်က ဇုတ်သုတ်ကျေးရွာကွင်းအမှတ် (၂၆၂)ရှိ တောင်သူ ဦးကျော်စိုး၏ ခရုများကျရောက်နေသည့် စပါးခင်း၌ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဘုန်းသက်ထွန်းက စပါးပင်ဖျက်ခရုများ ဝင်ရောက်လာမှု၊ ကြီးထွားလာမှု၊ မျိုးပွားမှုသဘာဝနှင့် ကာကွယ်နှိမ်နင်းမှု နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

သရုပ်ပြပွဲသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးမှ ဒေါ်သန်းသန်းလွင်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးစောသန်းညွန့်၊ ခရိုင်သီးနှံကာကွယ်ရေးမှ ဒေါ်ငွေငွေ၊ ခရိုင်မြေအသုံးချရေးမှ ဦးကျော်သက်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွင်းဝန်ထမ်းများနှင့် စပါးစိုက်တောင်သူ ၃၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂)တွင် ဖော်ပြထားသော သခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း အထိမ်းအမှတ်ကျင်းပသတင်း၏ ပထမစာပိုဒ်၊ စာကြောင်းရေ (၈) တွင် အလုံမြို့နယ်အစား ဒဂုံမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀ မန္တလေး(ရွှေဈေး) ၉၀၁၅၀၀ - ၉၀၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၆၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၆၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၉၅/၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉/၆၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၈၀/၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၂. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၇၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၀၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၁. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၁၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၈. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားပြီး**(ယာပုံ)** ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် သိပ္ပံပညာ၊ နည်းပညာ များသာမက ဝိဇ္ဇာပညာသည်လည်း အရေးပါကြောင်း၊ ဝိဇ္ဇာပညာသည် စဉ်းစား တွေးခေါ်ကြံဆတတ်မှု၊ လူ့သဘောသဘာဝကို နားလည်မှုများ အပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်သောကြောင့် နယ်ပယ်ပေါင်းစုံကို လေ့လာကြရန်လိုကြောင်း၊ ထိုသို့ ပညာဆည်းပူးရာတွင် မိမိကိုယ်မိမိ ကောင်းမွန်စွာထိန်းကျောင်းနိုင်ရန် အထူးလိုအပ်ကြောင်း၊ မိမိ၏ဉာဏ်ပညာ အမြော်အမြင်ဖြင့် မိမိ၏စိတ်ကိုထိန်းချုပ်နိုင်မှသာ အောင်မြင်မှုပန်းတိုင်ကို ပိုင်နိုင်စွာ ဆွတ်ခူးရရှိနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည် များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ ဘက်စုံပညာထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကဗျာ ဆုရရှိသူများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများ၏ ထူးချွန်ဆုရရှိမှု၊ ဂုဏ်ပြုဆုချီးမြှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်မတော်အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော်ပညာရေးကျောင်း များမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်း အုပ်ကြီးများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၆-၂၀၁၇ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော်သားနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်း ကာတွန်းပြိုင်ပွဲတွင် နိုင်ငံတော် အဆင့် ပထမဆု၊ ပညာတန်ဆောင်ရုပ်ပြ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။





ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်သား၊ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီး များနှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် အခြေခံပညာအလယ်တန်း ပန်းချီပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဒုတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး ပြိုင်ပွဲတွင် ဒုတိယဆု၊ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲ(ဗဟိုအဆင့်) တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီးတို့က ငါးဘာသာ၊ လေးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးနှင့် တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက ဂုဏ်ထူးရစစ်သည် များအားလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းက ဘက်စုံပညာ ထူးချွန်လူငယ်များအား လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက တက္ကသိုလ်ပညာသင်ဆုရရှိသူများ အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယနေ့ကျင်းပသည့် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူး ရရှိကြသော စစ်သည် ၂၃ ဦး၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာ ဂုဏ်ထူးရှင် ၅၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆၈ ဦး၊ နိုင်ငံတော်အဆင့်ဘက်စုံ ပညာထူးချွန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး ပြိုင်ပွဲဆုရရှိသူ ငါးဦး၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်း ကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များ နှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီး ၈၁ ဦးနှင့် အကြောင်းအမျိုးမျိုး ကြောင့် အခမ်းအနားမတက်ရောက်နိုင်သူ ခြောက်ဦး စုစုပေါင်း ၆၂၀ တို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်ခဲ့သည်။ ထို့အတူ ပညာဒါနစေတနာရှင် အလှူရှင်များက လှူဒါန်းငွေ များဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ တစ်ဘာသာဂုဏ်ထူးရရှိသူ ၈၇၇ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၂၃၉ ဦး စုစုပေါင်း ၁၁၁၆ ဦးတို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် အဝေးရောက်ချီးမြှင့်ခဲ့သည်။

ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန် လူငယ်များ ကို ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ် စေလွှတ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း ပြည်ပလေ့လာရေးခရီး ထပ်မံ၍ စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

ကျန်းမာရေးစောင့်ရှောက်မှု ခံယူ လျက်ရှိသူ သုံးဦးသည် အသက် (၂၀)၊ (၃၀) ဝန်းကျင်အရွယ် လူငယ်များ ဖြစ်ကြောင်း သိရှိရသည်။

"အခု ကျွန်တော်တို့ဆီမှာ H1N1 ကူးစက်ရောဂါခံနေရတဲ့ လူနာသုံးဦး ရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ နောက်ဆုံး အခြေအနေကတော့ လုံးဝကြီးစိတ်ချသွားရပြီလို့တော့ ပြောလို့မရသေးပါဘူး"ဟု ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံ အုပ်ကြီး ဒေါက်တာအေးကိုကိုက ပြောသည်။

၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း ချင်းပြည်နယ် မတူပီမြို့ပေါ်ရပ်ကွက် အချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ခံနေရသူများအဖြစ် ဓာတ်ခွဲ အတည်ပြု လူနာ ၁၀ ဦးနှင့် သေဆုံး သူလူနာ တစ်ဦးရှိခဲ့ကြောင်း သိရ သည်။ ယခုအချိန်တွင် ကူးစက်ခံရသူ ယင်းလူနာ ၁၀ ဦးသည် ကျန်းမာရေး ပြန်လည်ကောင်းမွန်သွားပြီဟု သိရပြီး သေဆုံးသူလူနာသည် ကူးစက်ခံရသူ အဖြစ် အတည်ပြုလူနာ ၁၀ ဦး စာရင်းတွင် မပါဝင်သော်လည်း ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် သေဆုံးသွားဖွယ်ရှိသည်ဟု ယူဆရ ကြောင်း ယင်းစာနယ်ဇင်းရှင်းလင်းပွဲ မှ သိရသည်။

"ကာကွယ်ရေးအနေနဲ့ အဓိက အရေးကြီးတာကတော့ တစ်ကိုယ်ရေ သန့်ရှင်းမှုပဲ။ ရောဂါက တိုက်ရိုက် လည်း ကူးစက်နိုင်တယ်။ လေထဲကနေ




**ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်စဉ်။**

ပျံ့နှံ့ပြီးတော့ အသက်ရှူလမ်းကြောင်း ကတစ်ဆင့် ကူးတတ်တယ်။ ဒါကြောင့် အထူးသဖြင့် လက်ကို ဆပ်ပြာနဲ့ ဆေးကြောဖို့ လိုအပ်တယ်။ နှာချေတယ်၊ ချောင်းဆိုးတယ်ဆိုရင် လက်နဲ့အုပ်ပြီးချောင်းဆိုးဖို့၊ ကိုယ်ခံ အားကျဆင်းချိန် အစားမှန်မှန်စား၊ မှန်မှန်အိပ်ဖို့၊ မှန်ကန်တဲ့ ဆေးဝါး ကုသမှုခံယူဖို့၊ ရောဂါဖြစ်လာပြီလို့ သံသယရှိလာရင် ဆေးရုံကို အမြန်ဆုံး လာပြဖို့ အရေးကြီးပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီး ဌာနမှူး ဒေါက်တာသာထွန်းကျော် က ပြောသည်။

တုပ်ကွေးရောဂါပိုး [Seasonal Influenza A(H1N1) 2009] အပါအဝင် ရာသီတုပ်ကွေးဖြစ်ပွားမှု သည် တစ်ကမ္ဘာလုံးလူဦးရေ၏ ငါး ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ရောဂါ ဖြစ်ပွားသူများ၏ တစ်ရာခိုင်နှုန်း အောက်သာ သေဆုံးမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန် ထားသည်။

"ရောဂါကူးစက်လွယ်တဲ့ နေရာ တွေကိုသိရင် အံ့ဩသွားမယ်။ လူသွားများတဲ့ ကုန်တိုက်တွေရဲ့ စက်လှေကား အတက်အဆင်း လက်ရန်းတွေ၊ တံခါးအဖွင့်အပိတ် လုပ်ရတဲ့ သော့ခလောက်နေရာတွေ နီးနီးကပ်ကပ်စီးရတဲ့ ဘတ်စ်ကားပေါ် က လက်ကိုင်တန်းတွေ ပြီးတော့ မြို့ပတ်ရထားတွေကနေ ရောဂါ ကူးစက်ဖို့ အခွင့်အရေးများတာမို့ ဖြစ်ပြီဆိုရင်လည်း စောစောစီးစီး ကာကွယ်ကုသဖို့ လိုအပ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းလွင်က ပြောသည်။

ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A (H1N1) 2009] ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထု အနေဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော် ချက်များကို လိုက်နာဆောင်ရွက်သွား ကြရန်နှင့် တုပ်ကွေးဆန်သော ရောဂါ လက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ကုသမှုခံယူရန် လိုအပ် ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ခင်ဇာလီ၊ အေးမင်းသူ**

■

## မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့် ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာ များကို ရန်ကုန်မြို့၌ ဟံသာဝတီအဝိုင်းထိပ် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားဝင်းဘေးရှိ 4TV Main Showroom၊ မန္တလေးမြို့၌ အခန်း နံပါတ် (D-206) ရွှေဖြူပလာဇာ ဒုတိယထပ် (၃၃)လမ်းနှင့် ဇောတိက လမ်းထောင့်၊ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ်တို့တွင် ထုတ်ယူနိုင်ပြီး ဩဂုတ် ၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ၏ (၁၄) ဦးမြောက် သမ္မတသစ် ရမ်နတ်ကိုဗင် ယနေ့စတင်တာဝန်ထမ်းဆောင်မည်

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ၏လက်ရှိ သမ္မတရာထူး သက်တမ်းငါးနှစ်ကုန်ဆုံးသည့် ဇူလိုင် ၂၅ ရက်တွင် နိုင်ငံတော်၏ (၁၄) ဦးမြောက် သမ္မတအဖြစ် ရမ်နတ်ကိုဗင်က သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည့် သမ္မတသစ် ရမ်နတ်ကိုဗင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို လွှတ်တော်အထူးအစည်းအဝေး၌ ကျင်းပမည်ဖြစ်ပြီး အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အမတ်များစုံညီစွာ တက်ရောက်ကြမည်ဖြစ်သည်။ သမ္မတသစ်သည် အိန္ဒိယတရားသူကြီးချုပ် ဂျေအက်စ်ခေယာ ရှေ့မှောက်တွင် ကျမ်းသစ္စာခံယူမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ကိုဗင်သည် လယ်သမားတစ်ဦး၏သားဖြစ်ပြီး ယခုအခါအသက် (၇၁)နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ဇာတ်နိမ့်မျိုးနွယ်ထဲမှ ဒုတိယမြောက် သမ္မတ တာဝန်ထမ်းဆောင်သူဖြစ်သည်။ အိန္ဒိယတွင် ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ ကေအာရ်နာရာယနန်းမှာလည်း ဇာတ်နိမ့်မျိုးနွယ်စုဝင်များထဲမှ ဖြစ်သည်။

အိန္ဒိယတွင် ဝေဒခေတ် အခြေခံခဲ့သော ဘာသာရေး အယူအဆအရ ပြဟ္မဏ၊ ခတ္တိယ၊ ဝေသနှင့် သုဒ္ဒဟု အမျိုးဇာတ်လေးပါး ခွဲခြားထားသည်။ ပြဟ္မဏ(ခေါ်) ပုဏ္ဏားမျိုး၊ ခတ္တိယ (ခေါ်) မင်းမျိုး၊ ဝေသ (ခေါ်) ကုန်သည် လယ်လုပ်မျိုးနှင့် သုဒ္ဒ(ခေါ်) လူဆင်းရဲမျိုးဟူ၍ ဖြစ်သည်။

**ဆင်ဟွာ။**



**သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ရမ်နတ်ကိုဗင် (ဝဲ)ကို ဝန်ကြီးချုပ် မိုဒီနှင့်အတူတွေ့ရစဉ်။**

# ဂျော်ဒန်နိုင်ငံရှိ အစ္စရေးသံရုံး ခြံဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး

**အမ္မန် ဇူလိုင် ၂၄**

ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်ရှိ အစ္စရေး သံရုံးခြံဝင်းအတွင်း၌ ဇူလိုင် ၂၃ ရက်က ပစ်ခတ်မှုဖြစ်ပွားရာ ဂျော်ဒန်နိုင်ငံသားနှစ်ဦး သေဆုံးခဲ့ပြီး အစ္စရေးတစ်ဦးမှာလည်း ဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်လုံခြုံရေး သတင်း ရပ်ကွက်က ပြောကြားသည်။

**-- ပိတ်ပစ်ခဲ့ --**

အမ္မန်မြို့ရှိ အစ္စရေးသံရုံးခြံဝင်းအတွင်း လူနေအဆောက်အအုံတစ်လုံး၌ ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။ ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး သံရုံးဝန်းကျင်ဧရိယာများကို ရဲတပ်ဖွဲ့က ပိတ်ပစ်ခဲ့သည်။သံရုံးအရှေ့ဘက်တွင် ရပ်တန့်ထားသော ဂျော်ဒန်နိုင်ငံသားတစ်ဦး၏ မော်တော်ကားကိုလည်းရဲတပ်ဖွဲ့က စစ်ဆေးခဲ့သည်။

**-- ဝင်ရောက်ခဲ့ --**

ပစ်ခတ်မှု မဖြစ်ပွားမီ လက်သမားများ အဖြစ် အလုပ်လုပ်ကိုင်နေကြသော ဂျော်ဒန် နိုင်ငံသားများ သံရုံးခြံဝင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေဆဲဖြစ်ကြောင်း ပြည်သူ့လုံခြုံရေး ဌာနက ပြောကြားသည်။ အစ္စရေးနိုင်ငံ ရှိအယ်လ်အဆာ ဗလီဝတ်ကျောင်းနှင့် ပတ်သက်၍ လုံခြုံရေးတင်းကျပ်မှုအပေါ် မကျေနပ်သဖြင့် ဂျော်ဒန်ရှိ အစ္စရေးသံရုံးကို ပိတ်ပစ်ပြီး အစ္စရေးနိုင်ငံနှင့် ဆက်ဆံရေးဖြတ်တောက်ရန် ဇူလိုင် ၂၁ ရက်က ဂျော်ဒန်နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

လုံခြုံရေးတင်းကျပ်သည့် အစ္စရေးသံရုံးကို ဂျော်ဒန်ရဲတပ်ဖွဲ့ဝင်များက ကာကွယ်စောင့်ရှောက်ပေးသည်။ ပါလက်စတိုင်း နယ်မြေများ၌ မငြိမ်မသက်ဖြစ်ချိန်များတွင် အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားလေ့ရှိသည်။

အမေရိကန်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံဖြစ်သော ဂျော်ဒန်နိုင်ငံတွင် အစ္စရေးလူမျိုးတို့ကို အကြမ်းဖက် တိုက်ခိုက်မှုမှာ ဖြစ်ခဲလှကြောင်း၊ ဂျော်ဒန်နိုင်ငံသည် အစ္စရေးနှင့် ငြိမ်းချမ်းရေး စာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံ၏ မြေအောက်အနက်ဆုံး ဘူတာရုံ တည်ဆောက်ရေးလုပ်ငန်း စတင်ပြီ

**ချုံကင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံတောင်ပိုင်း ချုံကင်းမြို့၌ မြေအောက်အနက် ၉၄ မီတာကျော်တွင် မြေအောက်ရထားဘူတာရုံတစ်ရုံကို စတင်တည်ဆောက်လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံ၏မြေအောက်ရထားဘူတာရုံများအနက် အနက်ဆုံး ရထားဘူတာရုံ ဖြစ်လာမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မြေမျက်နှာပြင်အောက်အနက် မီတာ ၆၀ တွင် တည်ဆောက်ထားသည့် ဟောင်တုဒီဘူတာရုံကို လွန်ခဲ့သည့် ခြောက်နှစ်က ဖွင့်လှစ်ခဲ့ပြီး ချုံကင်းမြို့၏ မြေအောက်အနက်ဆုံးဘူတာရုံအဖြစ်တည်ရှိသည်။ ယခုအခါ အဆိုပါဘူတာရုံကို မြေအောက်ရထားလိုင်း အမှတ်-၁၀ ဖြင့် ချိတ်ဆက်နိုင်ရန် မြေအောက်သို့ တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ၏မြေအောက်အနက်ဆုံးဘူတာရုံကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ချုံကင်းမြို့ကို 'တောင်တန်းမြို့'ဟု သိရှိကြသည်။ တောင်ထူထပ်သည့်နယ်မြေအနေအထား၊ လေကြောင်းရန်ကာကွယ်ရေး၊ ပုံးခိုကျင်းများ မပျက်မစီးတည်ရှိရေး၊ အဆောက်အအုံများ၏ အုတ်မြစ်များ ပျက်စီးမှုမရှိစေရေးတို့အတွက် ဘူတာရုံများကို မြေအောက်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လောလောဆယ်တွင် ခရီးသွားများသည် ရထားလိုင်း အမှတ်-၆၏ပလက်ဖောင်းမှ လမ်းမသို့ရောက်ရှိရန် ဓာတ်လှေကားများအသုံးပြုရပြီး အချိန်သုံးမိနစ်ကျော်ကြာမည် ဖြစ်သည်။ ခြေကျင်သွားလျှင် လှေကားထစ်ပေါင်း ၃၅၄ ထစ်ကို ဖြတ်သန်းရသည်။

ဘူတာရုံကို အဆင့်မြှင့်တင်ရာတွင် လက်ရှိအသုံးပြုနေသည့် ဓာတ်လှေကားအရေအတွက်ကို ၃၂ စင်းမှ ၉၁ စင်းသို့ တိုးမြှင့်ရမည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ချုံကင်းမြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားလာသဖြင့် မြေအောက်ရထားလမ်းစနစ်များကို အရှိန်မြှင့်ကာ တည်ဆောက်လာခဲ့သည်။ ချုံကင်းကဲ့သို့ အခြားမြို့ကြီးများတွင်လည်း ရထားလမ်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်လျက်ရှိသည်။

၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံရှိ မြို့ပေါင်း ၃၀ ကို ဖြတ်သန်းသွားသော မြို့ပြရထားလမ်းကွန်ရက်မှာ ၄၁၅၃ ကီလိုမီတာအရှည်ရှိကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**





# ၂၀၁၈ ဆောင်းရာသီ အိုလံပစ်ပွဲတော်တွင် မြောက်ကိုရီးယားပါဝင်ရန် တောင်ကိုရီးယားတိုက်တွန်း

**ဆိုးလ် ဇူလိုင် ၂၄**

လာမည့်နှစ် နှစ်ဦးပိုင်းတွင် တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် စီစဉ်ထားသည့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်တွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင်ယှဉ်ပြိုင်ရန် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ယနေ့ထပ်မံတိုက်တွန်း ပြောကြားလိုက်သည်။

ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယားဝင်ရောက်ယှဉ်ပြိုင်လိမ့်မည်ဟု မိမိတို့ အဆောတလျင် ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်း မရှိသကဲ့သို့ ယင်းနိုင်ငံ ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ဟု အဆိုးဘက်မှ ရှုမြင်ခြင်းလည်း မရှိသင့်ကြောင်း၊ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံအား ပွဲတော်ကျင်းပသည့်အချိန်အထိ တံခါးဖွင့်ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံအရှေ့ပိုင်း ပြုံချမ်းစီရင်စုတွင် ဆောင်းရာသီအိုလံပစ်ပွဲတော်ကို ကျင်းပမည်ဟု သမ္မတ အိမ်ပြာတော်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ပြုံချမ်းဆောင်းရာသီ အိုလံပစ်ပွဲတော်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည်။

ယခုနှစ် မေလ ၁၀ ရက်တွင် သမ္မတရာထူးတာဝန်စတင်ထမ်းဆောင်ခဲ့သည့် မွန်းဂျယ်အင်းသည် ဆောင်းရာသီအိုလံပစ်ပွဲအတွက် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံပူးတွဲအသင်းဖွဲ့စည်းရန် အဆိုပြုခဲ့ပြီးနောက် တစ်လခန့်အကြာတွင် မြောက်ကိုရီးယားနိုင်ငံကို ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ထပ်မံတိုက်တွန်းခြင်းဖြစ်သည်။

ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် မြောက်ကိုရီးယားပါဝင်ရန် တံခါးဖွင့်ပေးထားပြီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိမှာ ယင်းနိုင်ငံ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီ(အိုင်အိုစီ)က ပြောကြားသည်။

၁၉၅၀ မှ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားခဲ့ရသည့် နှစ်နိုင်ငံမှ မိသားစုဝင်များ ပြန်လည်ပေါင်းစည်းနိုင်ရေးနှင့် နှစ်နိုင်ငံအကြား စစ်မဲ့ဇုန်အနီး၌ ရန်လိုသောလှုပ်ရှားမှုများ ရပ်ဆိုင်းရေးတို့အတွက် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပရန် တောင်ကိုရီးယားနိုင်ငံက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားက တုံ့ပြန်ခြင်းမရှိဘဲ နေခဲ့သည်။

**ဆင်ဟွာ။**

# ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကျင်းပ၊ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းခြောက်ခုနှင့် စပ်လျဉ်း၍ ဖြေကြား

**နေပြည်တော် ဇူလိုင် ၂၄**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း ၆ ခု နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၏ **တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် အမည်၊ အမိအဘတို့၏ အမည်၊ မွေးသက္ကရာဇ် စသည်ဖြင့် လွဲချော်နေမှုများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသည့်အခါတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ မိမိတို့လက်ဝယ်သို့ ရရှိပါက မိမိ၏အမည်၊ မွေးသက္ကရာဇ်၊ အဘအမည်၊ အမိအမည် စသည့် ကိုယ်ရေးအချက်အလက်များ မှန်၊ မမှန် စစ်ဆေးကြရန် လိုအပ်ပါကြောင်း။

ယင်းအချက်အလက်များ မှားယွင်းမှုရှိပါက တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများထံ တင်ပြကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကွဲလွဲမှုများကို စာစစ်ဌာနကြီးကြပ်ရေးမှူးမှ ကျောင်းဝင်မှတ်ပုံတင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ကွဲလွဲချက်များကို ပြင်ဆင်ပေးရန်အတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ပါက ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် အထောက်အထားခိုင်လုံမှန်ကန်သည့် မှတ်တမ်းများကို ကာယကံရှင်တို့၏ ကိုယ်တိုင်ဖြည့်သွင်းရေးသားထားသည့် လက်ရေးမူများနှင့်အတူ ထိန်းသိမ်းထားရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်များပေါ်ရှိ အချက်အလက်များကို ပြင်ဆင်ပေးခြင်းမရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ **စပါးဝယ်ယူရာတွင် အလေးချိန် တင်းတောင်း စံချိန်မကိုက်ညီမှုများကို မည်သို့ပြင်ဆင်သတ်မှတ် အရေးယူခြင်းများပြုလုပ်မည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ မြန်မာနိုင်ငံတွင် စံတင်းတောင်းအပါအဝင် အတိုင်းအတာယူနစ်စနစ်များ တစ်ပြေးညီသတ်မှတ်နိုင်ရန်အတွက် တိကျစွာတိုင်းတာခြင်းနည်းပညာဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပါဝင်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

တိကျစွာတိုင်းတာခြင်းနည်းဥပဒေ ပြဋ္ဌာန်းပြီးနောက် လက်ရှိအသုံးပြုလျက်ရှိသော တင်းတောင်း အချင်အတွယ်များနှင့်ပတ်သက်ပြီး တောင်သူလယ်သမားများအပါအဝင် ရောင်းသူဝယ်သူ နှစ်ဖက်စလုံး အငြင်းပွားမှုမဖြစ်ပေါ်ရေး၊ မျှတသော ကုန်သွယ်မှုဖြစ်ရေးအတွက် အဆိုပါ တင်းတောင်း စံသတ်မှတ်ချက်များကို နည်းဥပဒေနှင့် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆက်လက်ရေးဆွဲပြဋ္ဌာန်းပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိစပါးအဝယ်ဒိုင်များတွင် အသုံးပြုနေသည့် စပါးစိုထိုင်းဆ တိုင်းတာသည့် ကိရိယာများကိုလည်း စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်းပြုလုပ်သော ဓာတ်ခွဲခန်းကိုလည်း ထူထောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကံမ မဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ **အခြေခံပညာ(ထက်၊ လယ်၊ မူ)ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အခမဲ့ရိုက်နှိပ်ထုတ်ဝေပေးနေသော (Text Book)ပြဋ္ဌာန်းစာအုပ်များအား Wood Free စာရွက်အစား သင့်တင့်သော အရည်အသွေးရှိ စာရွက်များဖြင့် ပြောင်းလဲထုတ်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်အတွက် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် အတန်းစုံမှာယူခဲ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အရေအတွက်သည် ၈၅၄၇၄၈၀ အုပ်ဖြစ်ပြီး စုစုပေါင်းငွေကျပ် ၁၈၉၂၄ ဒသမ ၁၃၂၇၉၀ သန်း အကုန်ကျခံဆောင်ရွက်မှုသည်လည်း ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါကြောင်း။

အသုံးပြုသော စာရွက်အရည်အသွေးသည် 70 gsm (Woodfree)ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ကောင်းမွန်ခံ့ညားစွာ ကိုင်နိုင်ရန်၊ ရာသီဥတုဒဏ်ခံနိုင်ရန်၊ စာအုပ်ကိုကြာရှည်စွာ အသုံးပြုနိုင်ရန်နှင့် စာသင်နှစ်မကုန်မီ စုတ်ပြဲမှုနည်းပါးရန် စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသော စာရွက်များကို အသုံးပြုသည့်အတွက် ကျောင်းသား ကျောင်းသူများအား စနစ်တကျ ရိုသေစွာ ကိုင်ဆောင်တတ်သည့် အလေ့အကျင့် တစ်ပါတည်းရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေကို ချွေတာနိုင်သော နည်းလမ်းတစ်ခုဖြစ်သည့် လက်ဆင့်ကမ်းစနစ်ဖြင့် မျှဝေသုံးစွဲခြင်းအစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်နှင့် ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာဦးတင်အောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက **ဇူလိုင် ၂၁ ရက်က ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာကန့်ကွက်ကြောင်း** အရေးကြီးအဆိုကိုတင်သွင်းရာ ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ထောက်ခံဆွေးနွေးသည်။

အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က အဆိုအား ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၂၄ ရက် ညနေပိုင်း နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် **တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးညဏ်လင်းနှင့် မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်တို့က အကြံပြုဆွေးနွေးကြသည်။

**မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်**က ကော်မတီ၏ အကြံပြုချက်တွင် ထည့်သွင်းသင့်သည်မှာ တရားရုံးများကို လုံလောက်သော အကျယ်အဝန်းဖြင့် တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ လက်ရှိတရားရုံးများသည် အထဲတွင် ကြပ်ညပ်နေပြီး တရားရုံးအတွင်း အမှုစစ်ဆေးမှု အခြေအနေများကို ကြည့်ရှုခွင့်မရသည့်အတွက် တရားစီရင်ရေးသည် မှန်ကန်မျှတမှု ရှိ၊ မရှိကို ပြည်သူများသိရှိခွင့်မရပါကြောင်း၊ ထိုသို့ မတည်ဆောက်နိုင်ပါက တရားသူကြီးများအနေဖြင့် အမှုစစ်များ၏ ပြောကြားချက်များကို သေချာစွာနားထောင်နိုင်ရန် CCTV ကင်မရာများကို တပ်ဆင်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး**က ကော်မတီသို့ တင်ပြသည့် အမှုပေါင်း ၁၁၃၂ မှုအနက် အမှုပေါင်း ၇၃၇ မှုကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၆၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးသည်ကို တွေ့ရှိရပါကြောင်း၊ တရားရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် ကော်မတီအနေဖြင့် တရားရုံးများကို အခါအားလျော်စွာ ကွင်းဆင်းကြည့်ရှု၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက တရားရေးမဏ္ဍိုင် ပိုမိုတောင့်တင်းခိုင်မာလာမည် ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးရန် ကော်မတီဝင် မန်စီ မဲဆန္ဒနယ်မှ ဦးခင်ဖေလင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ပြည်ပသို့သွားရောက်သည့် မြန်မာနိုင်ငံအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးသွားမည်

**နေပြည်တော် ဇူလိုင် ၂၄**
ပြည်ပသို့ သွားရောက်သည့် အိမ်တွင်းအထောက်အကူ အလုပ်သမားများအပါအဝင် မြန်မာနိုင်ငံမှအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **အစိုးရအနေဖြင့် ပြည်ပသို့ အိမ်အကူလုပ်သားများ တရားမဝင် သွားရောက်နေခြင်းကိစ္စကို ကာကွယ်တားဆီးပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် နိုင်ငံတော်မှ အိမ်တွင်းအထောက်အကူ အလုပ်သမားများကို တရားဝင်စေလွှတ်နေခြင်းမရှိသော်လည်း အိမ်တွင်းအထောက်အကူပြုအလုပ် ဆောင်ရွက်မည့်သူများသည် မြန်မာနိုင်ငံမှထွက်ခွာချိန်တွင် အလည်အပတ်ဗီဇာများဖြင့်လည်းကောင်း၊ အမှန်တကယ်လုပ်ကိုင်မည်မဟုတ်သော အခြားအလုပ်အကိုင်အမျိုးအစားများဖော်ပြ၍လည်းကောင်း၊ ပြည်ပနိုင်ငံများသို့ နည်းလမ်းအမျိုးမျိုးဖြင့် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း။

မိမိအစီအစဉ်ဖြင့် သွားရောက်သော အိမ်တွင်းအထောက်အကူ အလုပ်သမားများသည် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ရန် တရားဝင်စေလွှတ်သည့် စာရင်းတွင်ပါဝင်ခြင်းမရှိသော်လည်း ယင်းတို့ အလုပ်လုပ်ကိုင်သည့်နိုင်ငံတွင် တရားဝင် အိမ်တွင်းအထောက်အကူအလုပ်သမားအဖြစ် ရပ်တည်အလုပ်လုပ်ကိုင်နေကြပါကြောင်း၊ ပြည်ပနိုင်ငံများသို့ တရားဝင် ရောက်ရှိလာသူများဖြစ်စေ၊ တရားမဝင် ရောက်ရှိလာသူများဖြစ်စေ ပြဿနာဖြစ်ပွားပါက သက်ဆိုင်ရာ သံရုံးများမှ သံအရာရှိများက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရမှုကိစ္စရပ်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအိမ်တွင်းအထောက်အကူအလုပ်သမားများအတွက် အလုပ်သမားရေးရာကိစ္စများကို ကာကွယ်စောင့်ရှောက်ကူညီထောက်ပံ့ပေးနေသော လူမှုအဖွဲ့အစည်းများ၊ အေဂျင်စီအဖွဲ့ချုပ်များနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် သင့်တော်သည့်အချိန်တွင် သင့်တော်သည့်နိုင်ငံသို့ တရားဝင်ဥပဒေများနှင့်အညီ စေလွှတ်နိုင်ရေး စီမံလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်၏ **မြို့နယ်များတွင် မြို့နယ်သာသနာရေးဦးစီးမှူးများကို သီးခြားခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်သာသနာရေးမှူးရုံးမရှိသော မြို့နယ်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများသည် ယခုအချိန်အထိ သာသနာရေးမှူးတာဝန်များကို ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ မြို့နယ်သာသနာရေးမှူးများမရှိသည့် မြို့နယ်များတွင် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌတာဝန်၊ ဓမ္မာစရိယ၊ ပထမပြန်စာမေးပွဲများ၊ သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို ယခင်အတိုင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးများက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့နယ် သာသနာရေးမှူးရုံးများဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ လက်ရှိဖွင့်လှစ်ထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် အလှမ်းကွာပြီး ကွပ်ကဲမှုခက်ခဲသော သို့မဟုတ် ရဟန်း၊ သာမဏေ၊ သီလရှင်၊ သာသနာ့ဝန်ဆောင်များရှိသည့် မြို့နယ်များတွင် မြို့နယ်သာသနာရေးမှူးရုံးများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် လျာထားလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံရရှိရေးနှင့် မြို့နယ်သာသနာရေးမှူး(ဦးစီးအရာရှိ) ခန့်ထားခွင့်ရရှိရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရယူပြီး နှစ်စဉ်ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ မြို့နယ်သာသနာရေးမှူးရုံးများ ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်သာသနာရေးမှူးရုံးမရှိသော မြို့နယ်များတွင် မြို့နယ်သာသနာရေးမှူးရုံး ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ တင်ပြခဲ့သည့်အတိုင်း နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုချက်ရယူပြီး ဘဏ္ဍာငွေရရှိမှုအပေါ်တွင် မူတည်၍ နှစ်စဉ် မြို့နယ်သာသနာရေးမှူးရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**စာမျက်နှာ ၇ သို့»»**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ကျော်ကျော်လှိုင်(SMART)

အက်ဖ်ဒီအိုင်(FDI)ဟုခေါ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်စေသဖြင့် နိုင်ငံတိုင်းက အလိုရှိကြပါသည်။ အလိုရှိကြသည့်အတိုင်းလည်း နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကို မက်လုံးများပေး၍ နိုင်ငံတိုင်းက အပြိုင်အဆိုင်ဆွဲဆောင်ကြပါသည်။ ကျွန်တော်တို့၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်စေရန် ၂၀၁၄ ခုနှစ်တွင် အက်ဖ်ဒီအိုင်ဥပဒေကိုပြင်ခဲ့ပါသည်။ အာမခံကုမ္ပဏီများတွင် နိုင်ငံခြားသား ပိုင်ဆိုင်ခွင့်ကို ၂၆ ရာခိုင်နှုန်းမှ ၄၉ ရာခိုင်နှုန်းသို့ တိုးမြှင့်ပေးခဲ့ပါသည်။ စီးပွားရေးကဏ္ဍ ၂၅ ခုတွင် ဖြေလျှော့မှုများပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ် စစ်တမ်းအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု နိုင်ငံတကာအဆင့်တွင် အိန္ဒိယသည် အဆင့်(၁၄)၌ ရပ်တည်နေရာမှ ၂၀၁၄ တွင် အဆင့်(၉)သို့ ရောက်လာပါသည်။ နေ့စဉ်ထုတ်ဝေသော Financial Times ဟုခေါ်သည့် ငွေကြေး စီးပွားရေးဈေးကွက်ကို အလေးပေးသော သတင်းစာကြီးက ၂၀၁၅ ခုနှစ်တွင် အိန္ဒိယသို့ဝင်ရောက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် တရုတ်နှင့် အမေရိကန်နိုင်ငံကို ကျော်တက်သွားသည်ဟု ဆိုပါသည်။

၂၀၁၆ ခုနှစ် ထုတ်ပြန်ချက်အရ လူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ရာတွင် စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၂၉၆၁ ဒေါ်လာဖြင့် ကမ္ဘာ့အဆင့်(၉)နေရာတွင် ရပ်တည်နေပါသည်။ ၂၀၁၆ ခုနှစ်တွင် စင်ကာပူသို့ ဝင်ရောက်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ဘီလီယံ ၅၀ ရှိပါသည်။ (ကျွန်တော်တို့ နိုင်ငံထက် ရှစ်ဆကျော် များပါသည်။) ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံ ရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ကျသွားရသည့်အကြောင်းအရင်းမှာ တစ်ကမ္ဘာလုံးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၃ ရာခိုင်နှုန်းလျော့ကျသွား၍ ဖြစ်ပါသည်။ အောက်ပါ ဇယား(၁)သည် အာဆီယံနိုင်ငံအချို့တွင် ၂၀၁၆ ခုနှစ်အတွင်း ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ရန်လွယ်ကူမှုနှင့် လူဦးရေကို ဖော်ပြထားခြင်းဖြစ်ပါသည်။

**၂၀၁၆ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်လွယ်ကူမှု**

| နိုင်ငံ | အဖ်ဒီအိုင် (FDI) အမေရိကန်ဒေါ်လာ ဘီလီယံ | EDB စီးပွားရေးလုပ်ရန် လွယ်ကူမှု | လူဦးရေ |
|---|---|---|---|
| စင်ကာပူ | ၅၀. ၀ | ၁ | ၅. ၇ |
| အင်ဒိုနီးရှား | ၂၈. ၉ | ၁၀၉ | ၂၆၃ |
| ဗီယက်နမ် | ၁၅. ၈ | ၉၀ | ၉၅ |
| မလေးရှား | ၁၃. ၂ | ၁၈ | ၃၁ |
| ထိုင်း | ၁၁. ၂ | ၄၉ | ၆၈ |
| မြန်မာ | ၆. ၈ | ၁၆၇ | ၅၄ |

ဇယား (၁)

စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အချမ်းသာဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသော နိုင်ငံလည်းဖြစ်ပါသည်။ မည်သည့်အချက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးရရှိပါသနည်း။ အကြောင်းအရာတစ်ခုမက ရှိနိုင်ပါသည်။ တစ်ခုမကရှိသော အကြောင်းအရာများထဲတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်လွယ်ကူမှုသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်ကတော့ ထင်ရှားပါသည်။ ကမ္ဘာ့ဘဏ်က နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ၌ လွယ်ကူမှု ရှိ၊ မရှိကို အချက် ၁၀ ချက်ပေါ်တွင်အခြေခံ၍ နှစ်စဉ် စစ်တမ်းထုတ်ပါသည်။ နံပါတ်ငယ်လျှင် စီးပွားရေးလုပ်ငန်းလုပ်ရန် လွယ်ကူပြီး နံပါတ်ကြီးလာလေ ခက်လေဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စင်ကာပူနိုင်ငံသည် စီးပွားရေးလုပ်ငန်းလုပ်ရန်လွယ်ကူမှုတွင် နံပါတ်(၁)နေရာဖြင့် ၁၁ နှစ် ဗိုလ်စွဲခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် နံပါတ်(၂)နေရာသို့ရောက်သွားပါသည်။ ဤ အဖြစ်အပျက်မှ ကျွန်တော်တို့ သင်ခန်းစာ နှစ်ခုရနိုင်ပါသည်။

**ပထမသင်ခန်းစာ။** စင်ကာပူနိုင်ငံသည် စီးပွားရေးလုပ်ငန်းလုပ်ရန်ခက်သွားခြင်း မဟုတ်ပါ။ ၂၀၁၇ ခုနှစ်တွင် နံပါတ်(၁)ရသော နယူးဇီလန်က စင်ကာပူထက် ပိုလွယ်အောင် ဖြေလျှော့မှုတွေ၊ ပြောင်းလဲမှုများ လုပ်သွား၍ဖြစ်ပါသည်။

**ဒုတိယသင်ခန်းစာ။** နိုင်ငံတိုင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လိုချင်၍ အပြိုင်အဆိုင်ဖြေလျှော့မှုများကို လုပ်နေပါသည်။ ကျွန်တော်တို့နိုင်ငံက လိုအပ်သည့်ဖြေလျှော့မှုတွေ မလုပ်လျှင် ယခုလက်ရှိအဆင့်မှ ထပ်ကျသွားပါမည်။

၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံကို ကမ္ဘာ့ဘဏ်က စစ်တမ်းတွင် စ၍ထည့်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အဆင့်(၁၈၄)ရှိရာမှ ၂၀၁၅ ခုနှစ်တွင် (၁၇၇)သို့ တိုးတက်လာပါသည်။ ၂၀၁၆ ခုနှစ်တွင် (၁၆၇)အထိ ရောက်လာပြီး ၂၀၁၇ ခုနှစ်တွင် (၁၇၀)သို့ ပြန်ဆင်းသွားသည်ကို သတိပြုရပါမည်။ ဇယား(၂)သည် မြန်မာနိုင်ငံအတွင်းသို့ နှစ်အလိုက် ဝင်ရောက်သော အက်ဖ်ဒီအိုင်နှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုအဆင့်သတ်မှတ်ချက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်လွယ်ကူမှုရှိမှသာ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများက လာရောက်ရင်းနှီးမြှုပ်နှံကြပါမည်။

| | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
|---|---|---|---|---|
| EDB စီးပွားရေးလုပ်ရန် လွယ်ကူမှုအဆင့် | ၁၈၄ | ၁၇၇ | ၁၆၇ | ၁၇၀ |
| အက်ဖ်ဒီအိုင် (FDI) အမေရိကန်ဒေါ်လာ ဘီလီယံ | ၄. ၁ | ၈. ၀၁ | ၉ . ၄၈ | ၆. ၈ |

ဇယား (၂)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုရှိမှုအတွက် ကမ္ဘာ့ဘဏ်က စံထားသော အချက်များကို ဖော်ပြရလျှင်-

၁။ ကုမ္ပဏီတစ်ခု မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့်အချက်များ၊ ကြာချိန်၊ ကုန်ကျငွေနှင့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု။
ကနေဒါနိုင်ငံတွင် စီးပွားရေးစတင်လုပ်ကိုင်ရန် စာရွက်တစ်ရွက်သာ ဖြည့်ရန်လိုပြီး ငါးရက်သာကြာပါသည်။ စစ်တမ်းထုတ်ထားသော ၁၈၅ နိုင်ငံတွင် အဆင့် (၁၈၂)ရပ်တည်နေသော ချဒ်(Chad)နိုင်ငံတွင် စီးပွားရေး စတင်လုပ်ကိုင်ခွင့်ရရန် အဆင့်(၉)ဆင့်ရှိပြီး အနည်းဆုံး ၆၂ ရက် ကြာပါသည်။

၂။ အဆောက်အအုံ(ဥပမာ စက်ရုံ သို့မဟုတ် ကုန်လှောင်ရုံ) ဆောက်လုပ်ခွင့်ပါမစ်ရရှိရန် ဆောင်ရွက်ရမည့်အချက်များနှင့် လိုအပ်ချိန်။

၃။ အရည်အသွေးကောင်းသော လျှပ်စစ်ဓာတ်အားရရန် ဆောင်ရွက်ရမည့်အချက်များ၊ ကြာချိန်နှင့် ကုန်ကျငွေ။

၄။ မြေပိုင်ဆိုင်မှု၊ မြေအသုံးချမှုနှင့်ပတ်သက်သည့် ပါမစ်၊ ခွင့်ပြုမိန့်များ ရရှိရန် ဆောင်ရွက်ရမည့်အချက်များ၊ ကြာချိန်နှင့် ကုန်ကျငွေ။

၅။ ဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်ရန်၊ ချေးငွေရရှိရန် လွယ်ကူမှု။

၆။ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ထားမှု။

၇။ အခွန်အခများ ပေးဆောင်ရန် လွယ်ကူရှင်းလင်းမှု။

၈။ သွင်းကုန်၊ ပို့ကုန်များကို ဆောင်ရွက်ရန် လိုအပ်သောအချက်များ၊ ပါမစ်ရရန်ကြာချိန်။

၉။ ချုပ်ဆိုထားသော စာချုပ်များ၏ ခိုင်မာမှု။

၁၀။ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန် လွယ်ကူမှု။

ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းလိုလိုက အထက်ပါ ဆယ်ချက်ကို မူတည်၍ စီးပွားရေးလုပ်ကိုင်မှု လွယ်ကူစေရန် ဖြေလျှော့မှုများပြုလုပ်နေကြပါသည်။ အရှေ့ဥရောပနိုင်ငံတစ်ခုဖြစ်သော ပိုလန်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် အဆင့်(၇၆)ရှိနေရာမှ ပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့မှုများကြောင့် ၂၀၁၄ ခုနှစ်တွင် အဆင့် (၄၅)သို့ ရောက်လာပြီး ၂၀၁၇ ခုနှစ်တွင် အဆင့်(၂၄)သို့ ရောက်လာပါသည်။ ၂၀၀၉ ခုနှစ်တွင် အက်ဖ်ဒီအိုင်ဝင်ရောက်မှု အမေရိကန်ကိုးဘီလီယံမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။ ယနေ့ ပိုလန်နိုင်ငံ၏ တစ်နှစ် တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၆၀၀၃ ဒေါ်လာ ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်တွင် အောက်ဆုံး၌ ရှိနေပါသည်။ တစ်နည်းအားဖြင့် စီးပွားရေးစတင်လုပ်ကိုင်ရန် ခက်ခဲနေပါသည်။ ၂၀၁၇ ခုနှစ် စစ်တမ်းအရ ကျွန်တော်တို့က အဆင့်(၁၇၀)တွင် ရှိနေသော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံက အဆင့်(၄၆)တွင် ရှိနေပြီး ကျားတစ်ကောင်ဖြစ်လာမည့် ဗီယက်နမ်က အဆင့်(၈၂)တွင် ရှိနေသည်ကို သတိပြုစေလိုပါသည်။ အဆင့်တိုးတက်လာအောင်၊ တစ်နည်းအားဖြင့် စီးပွားရေး စတင်လုပ်ကိုင်သည့်အခါ လွယ်ကူမှုရှိစေရန် ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ဖို့ လိုပါသည်။ ဖြေလျှော့စရာရှိသည်များကို ဖြေလျှော့ရပါမည်။ မိမိဝန်ကြီးဌာန ဩဇာအာဏာကြီးမားမှုကို ရှေ့တန်းမတင်ဘဲ ၅၄ သန်းသော မြန်မာပြည်သူလူထု၏ အကျိုးကျေးဇူးကို ရှေးရှု၍ဆောင်ရွက်မည်ဆိုလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး ပြည်သူများ၏လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**အဆင့်တိုးတက်လာအောင်၊ တစ်နည်းအားဖြင့် စီးပွားရေး စတင်လုပ်ကိုင်သည့်အခါ လွယ်ကူမှုရှိစေရန် ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ဖို့ လိုပါသည်။ ဖြေလျှော့စရာရှိသည်များကို ဖြေလျှော့ရပါမည်။ မိမိဝန်ကြီးဌာန ဩဇာအာဏာကြီးမားမှုကို ရှေ့တန်းမတင်ဘဲ ၅၄ သန်းသော မြန်မာပြည်သူလူထု၏ အကျိုးကျေးဇူးကိုရှေးရှု၍ ဆောင်ရွက်မည်ဆိုလျှင်. . .**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူး ကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာကူးစက်နိုင်ပါသည်။
- ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။
(လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံးပါးစပ်၊ နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ရောဂါပိုးများသည် လက်တွင် ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့် ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သော နေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ၊ ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်သီတာအေး ဦးစီးသော ကျန်းမာရေးဝန်ထမ်းများသည် ရထားရဲတပ်ဖွဲ့ တပ်ခွဲစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မျိုးလှိုင် ဦးဆောင်သည့် တပ်ဖွဲ့မိသားစုများနှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက မိသားစုနေအိမ်လိုင်းခန်းများ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိသားစုနေအိမ်လိုင်းခန်းများတွင် ပိုးလောက်လမ်းနှိမ်နင်းရေး ဆေးများခတ်ပေးခြင်း၊ လိုင်းခန်းမိသားစုများ၏ ခြင်ထောင်များကို ဆေးစိမ်ပေးခြင်းလုပ်ငန်းများလုပ်ဆောင်ရာ အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်ရှိ ရထားရဲတပ်ဖွဲ့ အမှတ် (၁၄) တပ်ခွဲ တပ်ခွဲမှူး ဒုတိယရဲမှူးငွေဝင်းက လိုက်လံကြီးကြပ်ပေးကာ လိုအပ်သည်များဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဉာဏ်လင်း)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ သတင်းထုတ်ပြန်ချက်အား ကန့်ကွက်ကြောင်း အရေးကြီးအဆို ပြည်သူ့လွှတ်တော်တွင် တင်သွင်း

**နေပြည်တော် ဇူလိုင် ၂၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ဇူလိုင် ၂၁ ရက် သတင်းထုတ်ပြန်ချက်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆိုကို အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အဆိုတင်သွင်းသူက နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် အမျိုးသားရင်ကြားစေ့ရေးကို မျက်ကွယ်ပြုခြင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လျစ်လျူရှုထားခြင်းနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပကတိအခြေအနေမှန်များကိုလည်း ထည့်သွင်းဖော်ပြထားခြင်း မရှိခြင်းတို့ကြောင့် အရေးကြီးအဆို တင်သွင်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက် လုပ်ကိုင်နေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ထို့ပြင် လက်ရှိရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသော ပဋိပက္ခသည် အလွန်ရှုပ်ထွေးနက်နဲပြီး နိုင်ငံရေးသဘောသဘာဝများ ပါဝင်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်မည့် နည်းလမ်းပေါင်းများစွာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်းမှ ဥပဒေနှင့်အညီ ကြိုးစားလုပ်ဆောင်နေသကဲ့သို့ လွှတ်တော်အတွင်းတွင်လည်း လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကဲ့သို့သော ဥပဒေများ အတည်ပြုပြီး လူ့အခွင့်အရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး ကာကွယ်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အလားတူ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေ သုံးစွဲခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ရက် ၁၀၀၀ စီမံကိန်းဖြင့် ထောက်ပံ့ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနမှ ပဋိပက္ခဖြစ်ပွားရာ ဘူးသီးတောင်နှင့် မောင်တောတို့တွင် ကျောင်းဆရာမများအစား ကျောင်းဆရာများကို အစားထိုး တာဝန်ထမ်းဆောင်ရန် လုပ်ဆောင်နေခြင်းများသည် အစိုးရ၏ ကြိုးစားလုပ်ဆောင်နေသည့် အချက်များဖြစ်ပါကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

ထို့ပြင် "ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေတဲ့ နှစ်ဖက်စလုံးရဲ့ ထိခိုက်နစ်နာမှုတွေကို ဖြေရှင်းတဲ့နေရာမှာတော့ နိုင်ငံရေးအသွင်ဆောင်တဲ့ ဖြေရှင်းမှုမျိုးကို အထူးပဲ လိုအပ်ပါတယ်။ အစိုးရသစ်တက်လာပြီး နောက်ပိုင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းပြီး အမှန်တကယ် ဖြစ်စဉ်တွေကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်ဖို့ကြိုးပမ်းခဲ့သလို နိုင်ငံတကာနဲ့ ပြည်သူလူထု သိရှိနိုင်ရေးအတွက် သတင်းထုတ်ပြန်ချက်တွေကို စဉ်ဆက်မပြတ် ထုတ်ပြန်နိုင်ခဲ့ပါတယ်" ဟု ဒေါ်သန္တာက ဆွေးနွေးပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ သတင်းစာရှင်းလင်းပွဲ၌ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်တွင် ပါဝင်သည့်အတိုင်း ဒုက္ခသည်စခန်း သုံးခုကို ပိတ်သိမ်းရာတွင် ဒုက္ခသည်များက မူလနေထိုင်ခဲ့သော နေရပ်ဒေသသို့ သွားရောက်လိုကြောင်း ပြောကြားသော်လည်း ၎င်းတို့မှာ ဒုက္ခသည်စခန်းများ၌ပင် တွေ့ရှိနေရကြောင်းဖြင့် မစ္စယန်ဟီလီ၏ ပြောကြားချက်သည် မပြည့်စုံသည်ကို တွေ့ရှိရပါကြောင်း၊ အမှန်တကယ်တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာခဲ့သည့် ကြားဖြတ်အစီရင်ခံစာ စာမျက်နှာ ၂၁ တွင် ပါဝင်သည့် အကြံပေးချက်များမှာ IDP စခန်းများ ပိတ်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ကာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်ကြောင်း၊ လုပ်ငန်းစဉ် အချိန်ဇယားကို ရှင်းလင်းစွာဖော်ပြသင့်ကြောင်း၊ ထို့ပြင် မူလနေရာသို့ ပြန်သွားမည် သို့မဟုတ် အခြားနေရာများတွင် ပြန်လည်နေရာချထားရမည့် သူများအတွက် လုံခြုံမှုရရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများ ရရှိရေးအတွက် ဖော်ထုတ်ဆောင်ရွက်ပေးမည့် စီမံချက်များ ပါဝင်သင့်ကြောင်းဖြင့် အကြံပေးချက်တွင် ပါဝင်ပါကြောင်း၊ ထို့ပြင် ဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားအပေါ် မူတည်ပြီး လုံခြုံအရေးအခြေအနေဆိုင်ရာ သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါက သင့်တော်သည့် လုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်၏ အကြံပြုချက်အတိုင်း နိုင်ငံတော်က ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်အတိုင်း ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များအတွင်းရှိ ဒုက္ခသည်စခန်း သုံးခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၅၅ စုကိုလည်း ဥပဒေနှင့်အညီ ရွေးချယ်ပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ပါကြောင်း၊ မွေးစာရင်း နှစ်သောင်းကျော်ကိုလည်း ထုတ်ပေးခဲ့ပါကြောင်း၊ အထူးကိုယ်စားလှယ်၏ သတင်းစာရှင်းလင်းပွဲ၌ မြန်မာပြည်သူများ အလွန်စိုးရိမ်နေသော ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် မတည်ငြိမ်မှုပြဿနာ၏ နောက်ဆက်တွဲဖြစ်သော မေယုတောင်တန်းပေါ်၌ တွေ့ရှိရသည့် လူလုပ်ဥမင်လိုဏ်ခေါင်း၊ လက်နက်များနှင့် လေ့ကျင့်ရေးစခန်းများတွေ့ရှိမှုကို ထိမ်ချန်ထားခဲ့ခြင်းအား စိတ်မကောင်းဖွယ် ကြားသိရပါကြောင်း ၎င်းက ထောက်ပြဆွေးနွေးသည်။

"တကယ်တော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်ခဲ့တဲ့ မတည်ငြိမ်မှုက တစ်ဆင့် မြန်မာနိုင်ငံဟာ အစွန်းရောက်သမားတွေအတွက် ခြေကုပ်ယူစရာများ ဖြစ်သွားမလားဆိုတာ ရခိုင်ပြည်နယ်သာမက မြန်မာတစ်နိုင်ငံလုံး အလွန်စိုးရိမ်နေတဲ့ အချက်ဖြစ်ပါတယ်။ ဒါ့အပြင် အစွန်းရောက်တွေရဲ့ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးနေမှုကိုလည်း ပြောကြားသွားခြင်း လုံးဝမရှိခဲ့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ နှစ်ဖက်လူ့အသိုင်းအဝိုင်းကို လူသားချင်းစာနာထောက်ထားမှု၊ ပံ့ပိုးမှုတွေကိုလည်း လုံးဝဖော်ပြခဲ့ခြင်း မရှိတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အခက်အခဲကြားက ကြိုးစားတည်ဆောက်နေရတဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးမထားခြင်းကို ဖော်ပြနေတယ်လို့ မှတ်ယူရပါမယ်။ အောက်တိုဘာမှာ ကျင်းပမယ့် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ တင်သွင်းတဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာမှာ တရားမျှတမှုတွေနည်းတာကို တွေ့ရပါတယ်။ ဘက်လိုက်မှုမကင်းတဲ့ အစီရင်ခံစာဖြစ်သွားရင် အစီရင်ခံစာပါ အကြောင်းအရာတွေကြောင့် ဆွေးနွေးဆုံးဖြတ်ကြရင် မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ပြင်းထန်စွာ ကန့်ကွက်ကြောင်း အရေးကြီးအဆိုကို တင်သွင်းရပါတယ်"ဟု ဒေါ်သန္တာက ပြောကြားသည်။


အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ

ယနေ့တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ထောက်ခံဆွေးနွေးပြီး လွှတ်တော်က အဆိုအား ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ကာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၂၄ ရက် ညနေပိုင်း နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

**သူရဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

---

»»» စာမျက်နှာ ၅ မှ

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်တို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ကော်မတီအတွင်းရေးမှူး ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် မမျှတမှုများ၊ နည်းလမ်းမကျမှုများကို ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန် လိုအပ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၄)၊ ပုဒ်မ ၁၄၇ (ဂ)အရ ဖွဲ့စည်းထားပြီး အခန်း(၈)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ကဏ္ဍရှိ နိုင်ငံသားများ၏ ရပိုင်ခွင့်များအား နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များအနေဖြင့် ကော်မတီအစည်းအဝေး (၁၂) ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး ဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားလာသော တိုင်ကြားစာ ၇၃ စောင်အနက် ၂၈ စောင်အားစိစစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ကာယကံရှင်များထံသို့ အရေးယူဆောင်ရွက်ရန် ပေးပို့ခြင်း၊ လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် ပတ်သက်သည့် အမှုတွဲ ၅ စောင်အား သမ္မတရုံး၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ ကွင်းဆင်းလေ့လာစစ်ဆေးတွေ့ရှိချက်များ၊ တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများက ပြန်လည်စစ်ဆေးအရေးယူဆောင်ရွက်ချက်များကို ကော်မတီမှ ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုထိရောက် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား ကော်မတီသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ရေး လွှတ်တော်က စောင့်ကြပ်ထိန်းညှိပေးသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာနှင့် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတို့ကို သက်ဆိုင်ရာ ကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြပြီး ယင်းအစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊**
**အေးအေးသန့် (သတင်းစဉ်)**

---

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၂) ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ ဗဟန်းမဲဆန္ဒနယ်၏မိတ်ဆွေများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ၃၇ ဦး၊ ဒဂုံတက္ကသိုလ် (ရန်ကုန်)မှ ဦးဟိန်းထက် ဦးဆောင်သည့် ကျောင်းသားကျောင်းသူ ၄၅ ဦး၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)မှ ဒေါက်တာသဲနော်နော်ကျော် ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၉၃ ဦး စုစုပေါင်း ၁၇၅ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

---

## အာဆီယံရွှေရတု အထိမ်းအမှတ်အစီအစဉ်များ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၄**

အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပြခန်းနှင့် မြန်မာစာရေးဆရာများ၏ လက်ရေးမူပြခန်းဖွင့်ပွဲ၊ "စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတု အာဆီယံ" စာတမ်းဖတ်ပွဲ၊ "ကာတွန်းအဖော် စာဖတ်ပျော်" ကလေးစာကြည့်တိုက် အစီအစဉ်များကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူများပါဝင်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)ငါးမှု စီရင်ချက်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးခင်မောင်ကြည်တို့ပါဝင်သည့် အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)ငါးမှုကို စီရင်ချက်ချမှတ်ခဲ့ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆိုင်ရာကိစ္စရပ်များနှင့် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# ဥပဒေရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြောင်းလဲရေးအတွက် အကူအညီပေးနေသည့် MYPOL ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ကန်ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့ရွှေသမင်များကို သဘာဝနယ်မြေများ သတ်မှတ်ဖွဲ့စည်း၍ ထိန်းသိမ်းကာကွယ်လျက်ရှိရာ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်များ ထိန်းသိမ်းကာကွယ်ရေးအတွက် အဆိုပါ ဘေးမဲ့တောအတွင်းရှိ ကန်တော်ကြီးကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန်တော်ကြီးကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို ဇူလိုင် ၂၁ ရက်မှစတင်ကာ ဇူလိုင် ၂၈ ရက်အထိ စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး လက်ရှိရွှေသမင်ခန့်မှန်းကောင်ရေ ၁၄၀၀ ခန့်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level 1 ပဏာမအသံစစ်ဆေးခြင်း လားရှိုးမြို့၌ ဇူလိုင် ၂၇ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level 1 ပဏာမအသံစစ်ဆေးခြင်းကို လားရှိုးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဇူလိုင် ၂၉ ရက်တွင် Stage Rehearsal နှင့် ဇူလိုင် ၃၀ ရက်တွင် Level 1 Live ယှဉ်ပြိုင်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများ အားဖြည့်လုပ်ဆောင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ယခုနှစ် ဇူလိုင်လအတွင်း ချင်းပြည်နယ် မတူပီမြို့ပေါ်ရပ်ကွက်အချို့တွင် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ဓာတ်ခွဲ အတည်ပြုလူနာ ၁၀ ဦး၊ သေဆုံးလူနာတစ်ဦးရှိခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှစ်ဦး၊ ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် လူနာတစ်ဦးတို့မှာ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ဖြင့် တက်ရောက်ကုသမှုခံယူသဖြင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ခံယူလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကပ်အသွင် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ၂၀၀၅ နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရာသီတုပ်ကွေးရောဂါ(Seasonal Influenza A(H1N1) 2009) စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဦးဆောင်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ အထွေထွေရောဂါကု သမားတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လတ်တလော ရာသီတုပ်ကွေးဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ တုပ်ကွေးဆန်သောရောဂါ လက္ခဏာများ (Influenza Like Illness – ILI) ဖြစ်ပွားမှု၊ ပြင်းထန်အဆုတ်ရောင် (Severe Acute Respiratory Infection – SARI) ဖြစ်ပွားမှု စသည်တို့ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါဖြစ်ပွားကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆေးရုံကြီးများ၊ မြို့နယ်အဆင့်နှင့် ပြည်သူလူထုအတွင်း ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း သတင်းအမှန်ရရှိရေးနှင့် ကြောက်လန့်မှုမရှိစေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရောဂါကုသမှု၊ တုံ့ပြန်ဆောင်ရွက်မှု၊ ကြိုတင်ကာကွယ်မှုတို့နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် လမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့လည်း သတင်းပေးပို့ပြီးဖြစ်ကြောင်း၊ လိုအပ်မည့်ဆေးဝါးများ၊ ရောဂါကာကွယ်ရေးပစ္စည်းများလည်း အရန်သင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာဌေးဌေးတင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်တို့က ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးကြသည်။

တုပ်ကွေးရောဂါပိုး (Seasonal Influenza A(H1N1) 2009) အပါအဝင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးလူဦးရေ၏ ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ရောဂါဖြစ်ပွားသူများ၏ တစ်ရာခိုင်နှုန်းအောက်သာ သေဆုံးမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင် ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်နှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ ကုသမှုခံယူရန် လိုအပ်ကြောင်း၊ ရာသီတုပ်ကွေးဖြစ်ပွားမှုသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ရောဂါတစ်ခုဖြစ်၍ ဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ကုသနိုင်မည်ဖြစ်ပြီး အထူးစိုးရိမ်ကြောင့်ကြစရာ မလိုအပ်ကြောင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm နှင့် Myanmar CDC ၏ facebook စာမျက်နှာများမှလည်း သတင်းထုတ်ပြန်သွားမည်ဖြစ်ပြီး H1N1 ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နှာခေါင်းတို့ဖတ် (nasopharyngeal swab) အား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အမှတ်(၃၅) မော်ကွန်းတိုက်လမ်း ရန်ကုန်မြို့သို့ပေးပို့၍ စစ်ဆေးအတည်ပြုချက် ရယူနိုင်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

၂၄-၇-၂၀၁၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

## ပြည်တွင်းရေးရာ

**✻ ကချင်ပြည်နယ်မှ**

ယင်းနောက် တက်ရောက်လာကြသူများက ကချင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် NCA လက်မှတ်ရေးထိုးရေး၊ နေရပ်စွန့်ခွာတိမ်းရှောင်နေကြသူများဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါင်နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါင်၊ သိက္ခာတော်ရ ဆရာကြီး ဒေါက်တာ ခလမ်ဆမ်ဆွန်၊ သိက္ခာတော်ရဆရာ ခေါဘောမ်၊ သိက္ခာတော်ရဆရာ ဂွန်ထန်ခွန်နောင်၊ သိက္ခာတော်ရဆရာ လထော်ခွန်နောင်၊ သိက္ခာတော်ရ ဆရာ ဒေါင်ခေါင်၊ သိက္ခာတော်ရဆရာ ထွန်းနော်၊ သိက္ခာတော်ရဆရာ လဖိုင်ဇော်ရာ၊ သိက္ခာတော်ရဆရာ မရန်ဇော်မန်၊ ဇော်ရမ်ခါးလီ၊ ဒေါ်ဂျာနန်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးအား ဆုနှင့် ထောက်ပံ့ကြေးငွေများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ ကျင်းပသော "သေချာလုပအနာဂတ်ဘဝ" "To Ensure Better Future" ဟောပြောပွဲနှင့် KBZ SME Award (MRCCI) ဆုပေးပွဲကို ဇူလိုင် ၂၃ ရက်က မန္တလေးမြို့ အမျိုးသားကဇာတ်ရုံကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးကို ကမ္ဘောဇဘဏ်လီမိတက်က KBZ SME Award (MRCCI) ဆုနှင့် ထောက်ပံ့ကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် MRCCI မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားပြီး MRCCI ဥက္ကဋ္ဌ ဦးအောင်သန်းက ကျေးဇူးတင်စကားနှင့် ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို ဆုချီးမြှင့်ရသည့် အကြောင်းများနှင့် ကမ္ဘောဇဘဏ်လီမိတက်၏ အသေးစားနှင့် အလတ်စားစီပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများက KBZ SME Award (MRCCI) ဆုရရှိသူ ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ နှင့် ဆုများပေးအပ်ချီးမြှင့်သည်။

KBZ SME Award (MRCCI) ဆုသည် မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)က စစ်ဆေးစိစစ်ရွေးချယ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသား ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ခြင်း၊ ပြည်တွင်း၌ လုပ်ကိုင်နေသောလုပ်ငန်းများဖြစ်ခြင်း၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတည်မြဲမှု ဖွံ့ဖြိုးမှုများကို ထောက်ပံ့ပေးနိုင်သောလုပ်ငန်းများဖြစ်ခြင်း စသည့် အချက်အလက်များကို အခြေခံကာ ဆုရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်က



"မန္တလေးတိုင်းဒေသကြီးဟာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကမ္ဘောဇဘဏ်နဲ့ MRCCI တို့ ပူးပေါင်းပြီး SME ဆုတွေကို ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ပါတယ်။ ကမ္ဘောဇဘဏ်အနေနဲ့ ဆုရရှိသူတွေကို ဆုတံဆိပ်နဲ့ ငွေကျပ်သိန်း ၁၀၀ ကိုသာ ချီးမြှင့်တာမဟုတ်ဘဲ ဆုရရှိသူများရဲ့ စီးပွားရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာဖို့ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပြင် အခြားလိုအပ်သော အတွေ့အကြုံများကိုလည်း ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**(၀၁၀)**

## နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(က)မှ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘောလုံးအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ခ) မှ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ဂ)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ၁၁ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(ဃ)မှ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် အုပ်စု(က)မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌လည်းကောင်း၊ အုပ်စု(ခ)မှ ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် အုပ်စု(ဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ အုပ်စု(ဃ)မှ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

# မောင်တောဒေသတွင် ရေငန်ပုစွန်မွေးမြူရေးနှင့်အတူ ရေချိုငါးမွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ပါက ဝင်ငွေတိုးတက်နိုင်

**မောင်တော ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် သဘာဝရေငန်ပုစွန်မွေးမြူရေးဖြင့် စီးပွားရေး အောင်မြင်လျက်ရှိပြီး တစ်ဖက်နိုင်ငံသို့ အများဆုံးတင်ပို့နေသော ပို့ကုန်အမျိုးအစားလည်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မောင်တောခရိုင်မှာ ရေချိုပုစွန်မွေးမြူတာမရှိသေးပါဘူး။ ရေငန်ပုစွန်မွေးမြူရေးသာ လုပ်ကိုင်ကြပါတယ်။ ရေငန်ပုစွန်မွေးမြူရေးဆိုတာက ပင်လယ်ကမ်းစပ်မှာရှိတဲ့ ပုစွန်ကန်တွေမှာ ဒီရေအတက် အကျနဲ့အတူပါလာတဲ့ ပုစွန်သားပေါက်တွေကို ကန်ပိတ်ပြီးမွေးတာဖြစ်ပါတယ်။ သူ့ကို အစာလည်းကျွေးစရာမလိုဘူး။ ရေကိုပဲလဲလှယ်ပေးရပါတယ်။ တစ်ဧကကို ပိဿာ ၃၀ လောက် ထွက်ပါတယ်။ မောင်တောမှာ ဒီလိုပုစွန်ကန် ဧက ၁၅၃၀၀ ကျော်ရှိပါတယ်။ ပုစွန်က ဒီဒေသရဲ့ အဓိကပို့ကုန်လည်းဖြစ်ပါတယ်"ဟု မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

လက်ရှိအချိန်တွင် ပင်လယ်ကမ်းနီးငါးဖမ်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီး လုံခြုံရေးအခြေအနေကြောင့် ပိတ်ထားရကြောင်း၊ ပုစွန်မွေးမြူရေးသာ အဓိကလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောဒေသသည် ရေချိုငါးမွေးမြူရေးလုပ်ကိုင်ရန် အကောင်းဆုံးဒေသတစ်ခုဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေမှာလည်း မိုးများသည့်ဒေသဖြစ်ခြင်းကြောင့် ငါးပေါက်ပွားကြီးထွားရှင်သန်မှုအားကောင်းကြောင်း၊ တစ်ပိုင်တစ်နိုင် ငါးကန်များတူးဖော်ပြီး မွေးမြူပါက အကျိုးစီးပွားဖြစ်ထွန်းနိုင်ကြောင်း၊ ပို့ကုန်အဖြစ်တင်ပို့နိုင်သောဈေးကွက်လည်းရှိကြောင်း သိရသည်။

မိုးရာသီမတိုင်မီ ငါးသလောက်နှင့် ငါးမြစ်ချင်းတို့ကို ရန်ကုန်မှ အအေးခန်းကားများဖြင့် စစ်တွေမြို့သို့ တင်ပို့ပြီး ယင်းမှ မောင်တောတောင်ပိုင်း အငူမော်သို့ ဇက်ဖြင့်ကူးကာ မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့်



ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရကြောင်း၊ မောင်တောဒေသတွင် ရေချိုငါးမွေးမြူရေးလုပ်ကိုင်နိုင်ပါက များစွာအကျိုးရှိနိုင်ကြောင်း ဦးထွန်းတင်က ဆက်လက်ရှင်းပြသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ - သတ္တ**

# H1N1 ရာသီတုပ်ကွေးရောဂါဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေစားပြီး ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေလုပ်ရင် ရောဂါပိုးဝင်ရောက်သည့်တိုင် ရောဂါပြင်းထန်ဆိုးရွားတဲ့အခြေအနေရောက်စရာအကြောင်းမရှိ

**လက်ရှိကာလတွင် ပြည်သူများစိုးရိမ်နေသည့် ရာသီတုပ်ကွေးရောဂါ H1N1 ဗိုင်းရပ်စ်ရောဂါပိုးနှင့်ပတ်သက်၍ ဖြစ်ပွားနေမှုအခြေအနေ၊ ကြိုတင်ကာကွယ်မှုနှင့် ရှောင်ရန်ဆောင်ရန်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သာထွန်းကျော်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြပေးလိုက်ပါသည်။**

**မေး။ ။ လက်ရှိ ဖြစ်ပေါ်နေတဲ့ H1N1 ဗိုင်းရပ်စ်ရောဂါပိုးနဲ့ပတ်သက်ပြီး အခြေအနေကိုသိပါရစေ။**

ဖြေ။ ။ လက်ရှိလူထုကြားမှာ သတင်းအနေနဲ့ပျံ့နှံ့နေတာကတော့(Seasonal Influenza ) ရာသီတုပ်ကွေးရောဂါဖြစ်ပါတယ်။ ရာသီတုပ်ကွေးရောဂါဟာ A(H1N1) ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာပါ။ ဒီဗိုင်းရပ်စ်ရောဂါဟာ ဆရာတို့နိုင်ငံမှာ ၂၀၀၁ ခုနှစ်ကစတင်ပြီး A(H1N1) ဗိုင်းရပ်စ်ကြောင့်ရောဂါဖြစ်ခဲ့တဲ့ အနေအထားတွေရှိပါတယ်။ ဒီရောဂါဟာနှစ်တိုင်းဖြစ်ပါတယ်။ နည်းတာများတာပဲဆိုင်ပါတယ်။ ရာသီတုပ်ကွေးလို့ပြောရတာကတော့ ရာသီအနေနဲ့ဆိုင်ပါတယ်။ ပထမဖြစ်တဲ့ရာသီကတော့ မိုးဦးကျ မိုးဖြိုင်ဖြိုင်ရွာတဲ့ကာလပဲဖြစ်ပါတယ်။ ဒုတိယရာသီကတော့ ဆောင်းဦးပေါက်ရာသီဖြစ်ပါတယ်။ ဒီရောဂါဟာ ၂၀၀၉ ခုနှစ်တုန်းက ကမ္ဘာမှာကပ်ရောဂါဖြစ်ခဲ့တဲ့အနေအထားရှိပါတယ်။ အရင်တုန်းကတော့ ကပ်ရောဂါအသွင် ရောဂါလို့သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ H1N1 ကို ကပ်ရောဂါအသွင်မဖြစ်ပွားဘဲ ရာသီအလိုက်ဖြစ်ပွားတဲ့ရောဂါလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ သတ်မှတ်ပြီးစောင့်ကြည့်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ လက်ရှိ ၂၀၁၇ ခုနှစ်မှာတော့ ဆရာတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အိန္ဒိယနိုင်ငံတို့မှာ ရာသီတုပ်ကွေးဖြစ်နေတာတွေ တွေ့ရပါတယ်။ ဒါ့အပြင် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ သီရိလင်္ကာ၊ မော်လ်ဒိုက်နိုင်ငံတွေမှာလည်း ဖြစ်ပွားနေတာတွေ့ရပါတယ်။ ဒီရောဂါဟာ ရာသီအလိုက်ဖြစ်တဲ့ရောဂါပဲ ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကတည်းကဖြစ်ခဲ့တဲ့ ဗိုင်းရပ်စ်ပိုးဟာ လူထုအတွင်းမှာ ပျံ့နှံ့ပြီးရှိနေတာပါ။ ဟိုနေရာ၊ ဒီနေရာက ကူးစက်တယ်လို့ ပြောလို့ရတာထက် အဲဒီဗိုင်းရပ်စ်ပိုးသည် ကိုယ်ခံအားကျလာတဲ့အချိန်၊ မိုးဦးကျ မိုးဖြိုင်ဖြိုင်ရွာတဲ့အချိန်မှာ ဗိုင်းရပ်စ်ပိုးကဝင်ရောက်ပြီးတော့ ရောဂါဖြစ်ပါတယ်။ H1N1 ရောဂါပိုးဝင်ရောက်တဲ့လူတိုင်း ပြင်းထန်တဲ့ရောဂါမဖြစ်ပါဘူး။ မိမိရဲ့ကိုယ်ခံအားပေါ်မှာ မူတည်ပါတယ်။ မိမိရဲ့အရင်ရှိနေတဲ့ ရောဂါပေါ်မှာတည်ပြီးတော့မှ တချို့သောလူများသည် ရောဂါပြင်းထန်တဲ့ ရောဂါအဆင့်ကို ရောက်သွားတာဖြစ်ပါတယ်။ ပြင်းထန်တဲ့ရောဂါအဆင့်အနေနဲ့ကတော့ ၂၀၁၇ ခုနှစ်မှာ ပြင်းထန်တဲ့အဆုတ်ရောင်ရောဂါဖြစ်တာဖြစ်ပါတယ်။ အဆုတ်ရောင်ရောဂါကြောင့် ပြင်းပြင်းထန်ထန်ကုသပြီး အထူးကြပ်မတ်ဆောင်တွေမှာထားပြီး ကုသရတဲ့အနေအထားမျိုးရှိပါတယ်။ လက်ရှိအနေအထားအရ ရန်ကုန်မြို့ပေါ်အနေနဲ့ပြောရရင် H1N1 ရောဂါပိုးတွေ့တဲ့လူနာ သုံးယောက်ရှိပါပြီ။ အဲဒီသုံးယောက်လုံးဟာ ပြင်းထန်တဲ့ အဆုတ်ရောင်ရောဂါဖြစ်လို့ အထူးကြပ်မတ်ဆောင်မှာ ကုသရတဲ့အနေအထားမျိုးရှိပါတယ်။ အသက် ၂၀ ကျော်အရွယ် အမျိုးသမီးတစ်ယောက်ကတော့ ရောဂါပြင်းထန် လာတဲ့အခြေအနေကနေ လျော့လာပါပြီ။ ကျန်တဲ့နှစ်ယောက်ကတော့ အထူးကြပ်မတ်ဆောင်မှာ စောင့်ကြပ်ကုသနေရတဲ့ အနေအထားပါ။ လက်ရှိတွေ့ရှိရတဲ့ အနေအထားအရ အသက် ၂၀ ကျော်၊ ၃၀ ကျော်ဝန်းကျင်ရှိတဲ့သူတွေမှာ ဖြစ်ပွားတာတွေ့ရပါတယ်။ အခုဖြစ်ပွားနေတဲ့အခြေအနေကြောင့် ဒီနေ့မှာပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေအပါအဝင် ကျွမ်းကျင်ပညာရှင်တွေနဲ့ အစည်းအဝေးလုပ်ပြီး ဆေးရုံတွေမှာ ပြင်းထန်တဲ့ရောဂါလက္ခဏာရှိတဲ့လူနာတွေကို H1N1 ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဟုတ်၊ မဟုတ်ဆိုတာကို စစ်ဆေးသွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဆေးရုံကို အခြေတည်ပြီးတော့ ရောဂါဖြစ်ပွားမှုကို ထောက်လှမ်းဖို့ စီစဉ်နေပါတယ်။ အဲဒီထဲမှာ ပြည်သူ့ဆေးရုံတွေအပြင် ပုဂ္ဂလိကဆေးရုံတွေကိုလည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။ ဒီရောဂါနဲ့ပတ်သက်ပြီး ဘယ်ရာသီတွေမှာ ဖြစ်လေ့ရှိပါသလဲ၊ ကာကွယ်ကုသလို့ ရနိုင်ပါသလား။**

ဖြေ။ ။ ရာသီတုပ်ကွေးရောဂါဟာ ကာကွယ်လို့ရတဲ့ ရောဂါဖြစ်ပါတယ်။ မိမိရဲ့ကိုယ်ခံအားမကျဆင်းအောင် မိုးဦးကျရာသီ၊ ဆောင်းဦးကျရာသီတွေမှာ ကိုယ့်ရဲ့ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုယ်ခံအားမကျအောင် အချိန်မှန်မှန်အိပ်ဖို့လိုတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေစားပြီး ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေလုပ်ရင် ရောဂါပိုးဝင်ရောက်သည့်တိုင်အောင် ကိုယ်ခံအားအခြေအနေကြောင့် ရောဂါပြင်းထန်ဆိုးရွားတဲ့အခြေအနေကို ရောက်စရာအကြောင်းမရှိပါဘူး။ H1N1 ဗိုင်းရပ်စ်ရောဂါပိုးဝင်တိုင်း ရောဂါပြင်းထန်မှာ မဟုတ်ပါဘူး။ သေဆုံးမှုအနေနဲ့ ရာခိုင်နှုန်းအရပြောရရင် ကမ္ဘာမှာ H1N1 ဗိုင်းရပ်စ်ရောဂါကြောင့် လူ ၁၀၀ မှာ တစ်ဦးနှုန်းအောက်သာသေဆုံးမှုရှိတာပါ။ ဒါကြောင့်ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ကိုယ်ခံအားအတွက် အချိန်မှန်မှန်အိပ်ဖို့လိုတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လေ့ကျင့်ခန်းလုပ်ငန်းတွေကို ပုံမှန်လုပ်ပေးဖြင်းအားဖြင့် ရောဂါပိုးကူးစက်မှုကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါသည် မိမိတစ်ဦးချင်းကာကွယ်လို့ရတဲ့ ရောဂါဖြစ်ပါတယ်။

**မေး။ ။ ရောဂါ ဆက်လက်မပြန့်ပွားအောင် ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ လက်ရှိအနေအထားမှာ H1N1 တစ်ခုတည်းမဟုတ်ဘဲ ကူးစက်မြန်ရောဂါတွေအားလုံးကို လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်တွေမှာ စစ်ဆေးနေပါတယ်။ အဲဒီလုပ်ငန်းကတော့ ပုံမှန်ဆောင်ရွက်နေကျပါ။ ကူးစက်မြန်ရောဂါနဲ့ပတ်သက်ပြီး မြန်မြန်ကာကွယ်တိုက်ဖျက်နိုင်အောင် ဆောင်ရွက်ထားတာပဲဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်တွေအလိုက် ကူးစက်ရောဂါမဖြစ်အောင် ပညာပေးလုပ်ငန်းတွေကို တိုးချဲ့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မေး။ ။ H1N1 ဗိုင်းရပ်စ်ပိုးရဲ့ ရောဂါလက္ခဏာတွေကို သိပါရစေ၊ ရောဂါလက္ခဏာခံစားနေရရင် ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။**

ဖြေ။ ။ အဓိကအနေနဲ့တော့ တုပ်ကွေးရောဂါဖြစ်တဲ့အတွက်ကြောင့် ဖျားပါမယ်။ ကိုယ်လက်ကိုက်ခဲ၊ နှာစေး၊ ချောင်းဆိုးဖြစ်မယ်။ ဒါကတော့သာမန်ဖျားခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် တချို့သော ကိုယ်ခံအားကျနေတဲ့သူတွေမှာ ရောဂါဟာပိုပြီးတော့ပြင်းထန်လာနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ၂၀၁၇ အနေနဲ့ပြောရရင် ပြင်းထန်လာတဲ့ရောဂါကတော့ နမိုးနီးယားလို့ခေါ်တဲ့ အဆုတ်ရောင်ရောဂါဖြစ်ပါတယ်။ ဒီအဆုတ်ရောင်ရောဂါသည် ဖြစ်လာမယ့် လက္ခဏာတွေကတော့ အဖျားကြီးလာပါမယ်၊ ရင်ဘတ်တွေအောင့်လာပါမယ်၊ အသက်ရှူကျပ်ခက်လာပါမယ်၊ အဲဒီလို လက္ခဏာမျိုးတွေ့ရင်တော့ ဆေးမြီးတိုတွေနဲ့ ကုသနေတာမျိုးကနေရှောင်ရှားပြီး ဆေးရုံ၊ ဆေးခန်းတွေကို သွားရောက်ကုသဖို့အရေးကြီးပါတယ်။ ဖျားနာတဲ့အပြင် အသက်ရှူခက်တယ်၊ ရင်ဘတ်တွေအောင့်တယ်ဆိုလို့ရှိရင် အဆုတ်ရောင်ခြင်းရဲ့ လက္ခဏာတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီလက္ခဏာတွေကို လူထုအနေနဲ့သိထားဖို့လိုသလို ဖြစ်ပွားနေရင်လည်း ဆေးရုံ၊ ဆေးခန်းတွေကို အမြန်ဆုံးသွားရောက်ပြီး ထိထိရောက်ရောက် ကုသမှုခံယူဖို့လိုပါတယ်။

**မေး။ ။ ရောဂါကူးစက်မှုနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ပြည်သူတွေအတွက် ဆောင်ရန်ရှောင်ရန် ပြောပြပေးပါဦး။**

ဖြေ။ ။ တကယ်တော့ နှာခေါင်းစည်း (Mask) တပ်ထားတဲ့ အနေအထားမျိုးက ထိရောက်မှုမရှိပါဘူး။ အခုတပ်နေကြတဲ့ နှာခေါင်းစည်းတွေက အပေါက်တွေကျယ်ပါတယ်။ ဗိုင်းရပ်စ်ပိုးဟာ ဒီနှာခေါင်းစည်း (Mask)တွေကိုဖောက်ပြီး အလွယ်တကူဝင်ရောက်နိုင်ပါတယ်။ သူ့ရဲ့ဗိုင်းရပ်စ်ပိုးက အင်မတန်သေးငယ်ပါတယ်။ ဒါကြောင့် နှာခေါင်းစည်း (Mask)တပ်ထားခြင်းသည် ရောဂါကိုကာကွယ်နိုင်ဖို့ မှန်ကန်သောနည်းလမ်း မဟုတ်ပါဘူး။ တကယ်တော့ နှာခေါင်းစည်း (Mask)တပ်ရမယ့်သူဟာ ရောဂါပိုးတွေ့တဲ့သူပဲဖြစ်ပါတယ်။ သူ Mask တပ်ထားခြင်းအားဖြင့် သူ့ဆီကရောဂါပိုး တခြားသူတွေဆီကိုမပြန့်အောင် တပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလိုတပ်ရမယ့် Mask သည် ရပ်ကွက်တွေထဲမှာ၊ လူထုတွေထဲမှာတပ်နေကြတဲ့ Mask မဟုတ်ပါဘူး။ ရောဂါပိုးအသေးလေးတွေ မဝင်ရောက်နိုင်တဲ့ N-95 Mask ကို တပ်ရမှာဖြစ်ပါတယ်။ အဲဒီ Mask တပ်ထားရင် အပြင်ကရောဂါပိုးလည်း မဝင်နိုင်သလို သူ့ဆီမှာရှိနေတဲ့ရောဂါပိုးလည်း အပြင်ကိုထွက်ဖို့အတွက် အခြေအနေမရှိပါဘူး။ တကယ်ဆိုရင်တော့ Mask တပ်ခြင်းသည် ရောဂါကိုကာကွယ်လို့ရတဲ့နည်းလမ်း မဟုတ်ပါဘူး။ မမှန်ကန်တဲ့နည်းလမ်းလို့ပဲ ဆရာပြောချင်ပါတယ်။ ဒီရောဂါဟာ အသက်ရှူလမ်းကြောင်းကနေ ကူးစက်တတ်သလို တိုက်ရိုက်ထိတွေ့မှုအားဖြင့်လည်း ကူးစက်တတ်ပါတယ်။



ဒေါက်တာ သာထွန်းကျော်

**မေး။ ။ ရောဂါကာကွယ်မှု အပိုင်းနဲ့ပတ်သက်ပြီးသိပါရစေ။**

ဖြေ။ ။ အဓိက ကာကွယ်တဲ့လုပ်ငန်းအနေနဲ့ကတော့ ကျန်းမာအောင်နေရမယ်။ အစားမှန်မှန်စားဖို့၊ မှန်မှန်အိပ်ဖို့၊ ကိုယ်ခံအားကောင်းအောင် လေ့ကျင့်ခန်းနဲ့နေဖို့ အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ တကယ်တော့ ကိုယ်ခံအားကောင်းနေရင် H1N1 ရောဂါပိုးဝင်သည့်တိုင်အောင် သာမန် နှာစေး၊ ချောင်းဆိုးဖျားနာခြင်းနဲ့တင် ပြီးသွားမှာပါ။ အဆုတ်ရောင်တဲ့ရောဂါအဆင့်အထိ ရောက်စရာအကြောင်းမရှိပါဘူး။ ကာကွယ်လို့ရပါတယ်။ ပြည်သူတွေအနေနဲ့ မိမိရဲ့တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ကျန်းမာရေးကောင်းအောင်နေထိုင်ခြင်းဖြင့် ဒီရောဂါကိုကာကွယ်လို့ရတယ်ဆိုတာ ပြောပါရစေ။ အဓိကအနေနဲ့ ကာကွယ်ဖို့နည်းလမ်းသည် လက်ကိုမှန်မှန်ဆေးပါ။ လက်ကနေ အများဆုံးကူးစက်နိုင်ပါတယ်။

**မေး။ ။ လက်ရှိဖြစ်ပေါ်နေတဲ့အပေါ်မှာ ပြည်သူတွေကို ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အခုခေတ်က လူမှုကွန်ရက်ကလည်း အင်မတန်ကျယ်ပြန့်ပါတယ်။ သတင်းတစ်ခုရတာနဲ့ လူမှုကွန်ရက်ပေါ်မှာ တင်လိုက်ပြီးတော့ အကုန်လုံးကို ချက်ချင်းပျံ့သွားတဲ့ခေတ်ကာလ အနေအထားပဲဖြစ်ပါတယ်။ လူမှုကွန်ရက်ပေါ်မှာ မှားပြီးတင်တာမျိုးတွေရှိသလို၊ လူတွေကို အထိတ်တလန့်ဖြစ်အောင်တင်တာမျိုးတွေလည်းရှိပါတယ်။ အဲဒီအခါမျိုးမှာ လက်ရှိဖြစ်နေတဲ့ အခြေအနေအမှန်ကို သိဖို့လိုပါတယ်။

ဟုတ်ကဲ့။ ။ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**တွေ့ဆုံမေးမြန်း- ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ- ဖေဇော်**

---

### ❖ ကျောဖုံးမှ

ကင်းဝေးစေရေး၊ မြို့ပတ်ရေကာတာများ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ “ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာလို့ စိုးရိမ်ရေမှတ်ကျော်ပြီဆိုကတည်းက မြို့နေပြည်သူများ ရေဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေဆောင်ရွက်နေပါတယ်။ အရေးပေါ်ဖြစ်လာပါက ဆောင်ရွက်နိုင်ရန် ရေဘေးကာကွယ်ရေးပစ္စည်းများကို အရန်သင့်ပြင်ဆင်ထားပါတယ်။ ပီနန်အိတ်ခွံများ၊ သဲများ၊ ဝါးများ၊ ဝါးထရံနှင့် မိုးကာစများအပြင် ရပ်ကွက်အသီးသီးမှ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များပါ နေ့ညမပြတ် အထူးကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သော ရေဘေးအန္တရာယ်ကြီးကြပ်မှုကော်မတီအဖွဲ့မှ ဦးအောင်နိုင်(ဒု-ဦးစီးမှူး)က ပြောပြသည်။

အဆိုပါမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပတ်ရေကာတာများ ထူးပေါက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်းမရှိစေရေး၊ ရေဘေးအန္တရာယ်ကင်းဝေးစေရေး၊ မြို့ပတ်ရေကာတာများ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိကြောင်း မြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးရုံးမှ သိရသည်။ အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက ဆောင်ရွက်နိုင်ရန် သဲအိတ်များစုဆောင်းထားရှိခြင်း၊ ပီနန်အိတ်ခွံများနှင့် မြို့ရေကာတာများတွင် နေ့ညမပြတ် ရေကင်းများချထားဆောင်ရွက်လျက်ရှိပြီး အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက ရေဘေးကာကွယ်ရေးပစ္စည်းများအသင့်ရှာဖွေထားရှိပြီး ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွင်းရေးမှူး ဦးသန့်ဇင်ဝင်း(ဦးစီးအရာရှိ)က ရှင်းပြသည်။ ထို့ပြင်ရေကာတာရေပေါက်များ ကျိုးပေါက်မှု မရှိစေရေး၊ ရေစိမ့်ဝင်နိုင်သောနေရာများအား စနစ်တကျပိတ်ဆို့ကာကွယ်ရေးနှင့် မြို့ပတ်တာကျိုးပေါက်မှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နေ့ညမပြတ် စောင့်ကြည့်လျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အများပြည်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ယခုလက်ရှိအခြေအနေတွင် မြို့၏အန္တရာယ်ရေမှတ်အထက် ၂၅ ပေ အထက်သို့ ရောက်ရှိနေပြီဖြစ်သည်။ ညောင်တုန်းမြို့ပတ်တာ ပတ်ဝန်းကျင်အနီးရှိ ရေနစ်မြုပ်ဝင်ဒေသများ၊ ကျေးရွာများမှ သက်ကြီးရွယ်အိုများ၊ ကလေးများမှာ မိမိအစီအစဉ်ဖြင့် ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်မှုများရှိနေကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

### ❂ အာရှ ယူ-၂၃ မှ

ဆီးဂိမ်းပြိုင်ပွဲ စတင်ကျင်းပရန် နှစ်ပတ်ကျော်သာ လိုတော့သောကြောင့် မြန်မာယူ-၂၂ အသင်းသည် လေ့ကျင့်မှု ဆက်လက်ပြုလုပ်ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲကစားရန် စီစဉ်ထားသော်လည်း ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့်ရက်နှင့် နီးကပ်နေသည့် အင်တာမီလန်ယူ- ၁၈ အသင်းနှင့် ခြေစမ်းပွဲကို ဖျက်သိမ်းခဲ့ပြီး နှစ်ပွဲသာ ကစားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာယူ-၂၂ အသင်းသည် ဂျပန်နိုင်ငံမှ Ryutsu တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားမည်ဖြစ်ပြီး ဇူလိုင် ၃၀ ရက်နှင့် ဩဂုတ် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဂျပန်နိုင်ငံမှ တက္ကသိုလ်အသင်းနှင့် ပွဲအပါအဝင် နိုင်ငံတကာပွဲနှင့် ခြေစမ်းပွဲ စုစုပေါင်း ၁၀ ပွဲအထိ ရှိလာမည်ဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အာရှယူ-၂၃ ခြေစစ်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ မြန်မာယူ-၂၂ အသင်းသည် စင်ကာပူနှင့် ဘရူနိုင်းကို အနိုင်ရပြီး နောက်ဆုံးပွဲတွင် ဩစတြေးလျကို ရှုံးနိမ့်ခဲ့သောကြောင့် ခြောက်မှတ်သာရရှိခဲ့ကာ အကောင်းဆုံးအုပ်စု ဒုတိယနေရာတွက်ချက်ရာတွင် အဆင့်(၈)နေရာသာရပြီး ခြေစစ်ပွဲမအောင်မြင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ- ဦးသန်းတိုးအောင်၊ နည်းပြချုပ်- ဂေတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ- ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမြင့်ကို၊ ကြံ့ခိုင်ရေးနည်းပြ- ပိုပေါ့စကီး၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုးသမား- ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ နောက်တန်း- နန်းဝေမင်း၊ သီဟထက်အောင်၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ သောင်လျပ်ထန်၊ နိုင်လင်းထွန်း၊ အလယ်တန်း- မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ရန်ပိုင်စိုး၊ ရဲရင့်ထွန်း၊ ဇင်ဖြိုးအောင်၊ မောင်မောင်စိုး၊ ရွှေကို၊ ဇေယျာနိုင်၊ ရှိုင်းသူရ၊ မျိုးကိုထွန်း၊ ရှေ့တန်း- အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် ငြိမ်းချမ်းအောင်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင်အုပ်စု(က)၌ အိမ်ရှင်မလေးရှား၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ **သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - စိုးညွန့်**



# ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရေး ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကကြီးမှူး၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့စားသုံးသူသမဂ္ဂ၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အမျိုးသားရေးအမြင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောတို့က အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်က ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုဆိုင်ရာ နိုင်ငံတော်မှ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ အောင်မြင့်က မျက်မှောက်ကာလ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအပေါ် သုံးသပ်ချက်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်က အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင်ကြူးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စားသောက်ကုန်များ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးက ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်ထုတ်လုပ်မှုလိုအပ်ချက်များကိုလည်းကောင်း၊ စားသုံးသူများသမဂ္ဂအတွင်းရေးမှူး ဦးမောင်မောင်က မျက်မှောက်ကာလ စားသောက်ကုန်နှင့် စားသုံးသူအကြောင်းကိုလည်းကောင်း၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်းမှ ဒေါ်ဝင်းဝင်းကြည်က ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များထုတ်လုပ်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် ဧည့်သည်များသည် စားသောက်ကုန်များ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သော ဘေလီတံတားများ ပြန်လည်တည်ဆောက်ပြီးစီး

**လေရှီး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ထမံသီ-လေရှီးကားလမ်း မိုင်တိုင်အမှတ် (၂၈/၀)ရှိ အရှည်ပေ ၈၀ ရှိ သံပေါင်ဘေလီတံတားကို ပြန်လည်တည်ဆောက်ပြီးဖြစ်သဖြင့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှု ကော်မတီရုံးမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ထမံသီ- လေရှီးလမ်းပိုင်းသည် မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများပျက်စီးခြင်း၊ ချောင်းရေတိုက်စားမှုကြောင့် တံတားများပျက်စီးမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသဖြင့် နာဂဦးစီးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ လမ်းဦးစီးဌာနတို့မှ ဆက်သွယ်သွားလာမှု အမြန်ပြန်လည်ကောင်းမွန်ရေးအတွက် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့မေလကုန်ပိုင်းက မိုးရွာလို့ပျက်စီးခဲ့တဲ့ လမ်းပိုင်းတွေပြင်ဆင်တာတွေ၊ ပျက်စီးခဲ့တဲ့တံတားတွေ ပြန်လည်တည်ဆောက်တဲ့လုပ်ငန်းတွေကို အမြန်လုပ်ဆောင်ခဲ့ပါတယ်။ သစ်သားတံတားတွေကို အရင်ဆုံးပြီးအောင် တည်ဆောက်နိုင်ခဲ့တယ်။ သံပေါင်ဘေလီတံတားကတော့ ဇူလိုင် ၁၅ ရက်က ပြီးစီးသွားပါပြီ။ ဒီတံတား ပြန်လည်တည်ဆောက်ပြီးစီးခဲ့တဲ့အတွက် မော်တော်ယာဉ်တွေ၊ ဆိုင်ကယ်တွေ ပုံမှန်ပြန်လည်သွားလာနိုင်ပါပြီ"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက ပြောသည်။

ထမံသီ-လေရှီးလမ်းပိုင်းတွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော မိုင်တိုင်အမှတ် (၂၁/၆)ရှိ တံတားအမှတ် (၁/၂၂)နေရာတွင် ဘေလီတံတားအဖြစ်လည်းကောင်း၊ မိုင်တိုင်အမှတ်(၂၈/၀)ရှိ တံတား အမှတ် (၂/၂၉)နေရာတွင် အရှည် ပေ ၈၀ ရှိ သံပေါင်ဘေလီတံတားအဖြစ်လည်းကောင်း ပြန်လည်တည်ဆောက်ပေးခြင်းဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း မေ ၃၀ ရက် နံနက်ပိုင်းမှ ၃၁ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထမံသီ-လေရှီးလမ်းတွင် တံတားအရှည် ၆၆ ပေရှိ အောင်ဇေယျသစ်သားတံတား၊ အရှည်ပေ ၈၀ ရှိ သစ်သားတံတားတစ်စင်းတို့ ရေမျောပျက်စီးခြင်း၊ သစ်ပင်ပြိုလဲမှုကြောင့် ကွန်ကရစ်တံတားတစ်စင်းတွင် အရှည်ပေ ၂၀ ရှိ ကွန်ကရစ်လက်ရန်းပျက်စီးခြင်း၊ တံတားကမ်းကပ်ခုံရေတိုက်စားပျက်စီးခြင်း၊ လမ်းများပေါ်သို့ ကျောက်တုံးများ၊ မြေသားပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ထမံသီ-လေရှီးလမ်းပေါ်ရှိ တံတားအမှတ် (၂/၂၉) သံမဏိဘေလီတံတားအား ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

## အတွေးအမြင်

# မျိုးဆက်မြင့်ဖို့ စာဖတ်စို့

**အိမ်ထောင်သက်တမ်း သုံးနှစ်ကျော်**

ကျွန်တော်အိမ်ထောင်ပြုခဲ့သည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ခဲ့ပါပြီ။ အချစ်ကို ရှေ့တန်းတင်ပြီး ရူးရူးမူးမူးတပ်မက်တာကို ချစ်ခြင်းဟု ယုံကြည်ချက်မျှဖြင့် အတွေးအခေါ် စိတ်သဘောထား ရင့်ကျက်မှုမရှိချိန်၊ ဘဝ အခက်အခဲတွေကို ကောင်းစွာမတွေ့ကြုံဖူးသေးသကဲ့သို့ တိတိပပဖြေရှင်းနိုင်ခြင်းမျိုးလည်းမရှိသေးသည့် ငယ်ရွယ်တဲ့အချိန်မှာ အိမ်ထောင်ပြုခဲ့မိပါတယ်။

အိမ်ထောင်ပြုစမှာအချစ်စိတ်ကြောင့် ပျော်ရွှင်မှုမှာ ခေတ္တသာခံစားခဲ့ရပြီး အချိန်နှင့်နေ့ရက်များ ကြာလာချိန်မှာ တစ်ယောက်ကိုတစ်ယောက် နားလည်မှုများ မျှမပေးနိုင်တော့ဘဲ ညှိနှိုင်းမှုနဲ့ သည်းခံနိုင်စိတ်များပါ နည်းပါးလာပြီး တစ်လတစ်ကြိမ်လောက်ကနေ နောက်ပိုင်းမှာ နေ့တိုင်းနီးပါး စကားများ၊ ရန်ဖြစ်ခဲ့ရပါတယ်။ သင့်တင့်မျှတတဲ့ ကျွန်တော့်ရဲ့ လခစားအလုပ်ကြောင့် စားမှု၊ နေမှုမှာ အဆင်ပြေသော်လည်း ကျေလည်အောင် မဖြေရှင်းနိုင်မှုများ စုပုံလာမှုကြောင့် ကွာရှင်းပြတ်စဲကြမယ်ဆိုတဲ့အထိဖြစ်ခဲ့ပြီး ကျွန်တော့် အိမ်ထောင်ရေးဟာ စိတ်ညစ်စရာတွေအဖုံဖုံနဲ့ သာယာပျော်ရွှင်မှု အလုံးစုံ ပျောက်ကွယ်ခဲ့ရပါတယ်။

**ဒီလိုနဲ့ ဖြတ်သန်း ရှင်သန်ရင်း**

တစ်နေ့မှာတော့ Life begins at forty.[ဘဝဟာ အသက် (၄၀) မှစ၏] ဆိုတဲ့ စာကြောင်းလေးကို ကျွန်တော် ဖတ်မိလိုက်တယ်။ "လူတွေဟာ များသောအားဖြင့် အသက် (၂၀) နဲ့ (၃၀) ကြားမှာ (ကျွန်တော်အပါအဝင်) အိမ်ထောင်ပြုကြတာများတယ်။ အိမ်ထောင်သာပြုလိုက်ကြပေမယ့် စိတ်တွေက ရင့်ကျက်လာခြင်းမရှိကြသေးဘဲ ကိုယ့်အလိုကို ရှေ့တန်းထားပြီး တစ်ဖက်အိမ်ထောင်ဘက်က ကိုယ့်အပေါ် လိုက်လျောစေချင်တဲ့ စိတ်ကသာ ဦးဆောင်နေတတ်ကြတယ်။ ဒီလိုကြောင့်လည်း ချစ်လို့ပေါင်းဖက်ကြပြီးကာမှ လင်မယားချင်း စိတ်ကောက်ကြ၊ စိတ်ဆိုးကြ၊ ရန်ဖြစ်ကြအထိ ဖြစ်လာကြရတာပဲ။

အဲဒီအနိုင်လိုချင်စိတ်တွေက သားသမီးရတော့လည်း မပျောက်ချင်။ ကလေးက ကျိုးကြောင်းဆင်ခြင်ပြောပြန်ရင်လည်း မိဘကိုယ်တိုင်က လူငယ်စိတ်ခပ်ငွေ့ငွေ့ကျန်နေသေးတော့ လူကြီးကိုပြန်ပြောရမလားဆိုပြီး တလွဲမာနကဖြစ်လာတတ်ကြပြန်တယ်။ ကလေးရဲ့ဆင်ခြင်ဉာဏ်အားစမ်းမှုကို အသိအမှတ်ပြုဖို့ရာမှာ ဝန်လေးနေတတ်ကြတယ်။ ယနေ့ခေတ် ကလေးတွေမှာ ခေတ်စနစ်အလိုက် အသိဉာဏ်ဖွံ့ဖြိုးမှုက မြင့်မားပြောင်းလဲလာနေပြီး ကလေးရဲ့ပြောင်းလဲမှုအဟုန်ကိုသာ မိဘတွေက အမီမလိုက်နိုင်တာကို မိသားစုအများစုမှာ ကြုံတွေ့နေကြရပြီ ဖြစ်ပါတယ်။

အသက် (၂၅) နှစ်နဲ့ အသက် (၃၀) အရွယ်တွေမှာ သိတတ်မှု ထူးထူးခြားခြားမကွာလှပေမယ့် နှစ်နှစ်သားအရွယ်ကလေးနဲ့ ခုနစ်နှစ်သားအရွယ်ကလေးမှာတော့ အသိဉာဏ်ရော၊ ခန္ဓာကိုယ်အရွယ်အစားပါ သိပ်ခြားနားသွားတယ်။ ဒါကြောင့် သားသမီးရဲ့ဖွံ့ဖြိုးမှုအဟုန်ကို မိဘက မီအောင်မလိုက်နိုင်ဘူး။ မိဘရဲ့ လူငယ်စိတ်ဟာ အသက် (၄၀)မှ အနည်ထိုင်စပြုလာတယ်"လို့ (Life begins at forty) ဆိုတာနဲ့ပတ်သက်ပြီး ဆရာ ဦးအောင်သင်းရဲ့ ရေးသားထားမှုများကို ဖတ်လိုက်ရပြီးချိန် ကျွန်တော့်ဘဝကို ပြန်ကြည့်မိတော့ ကျွန်တော်ရင်တွေတုန်လာပြီး ကြက်သီးပါ ထလာပါတော့တယ်။

အကြောင်းရင်းက ကျွန်တော့်အမျိုးသမီးဟာ ကျွန်တော့်ရဲ့ ရင်သွေးလေးကို လွယ်ထားရပြီး မျိုးဆက်အတွက် ဘာမျှကြိုတင်ပြင်ဆင်ထားခြင်းမရှိသကဲ့သို့ မျိုးဆက်မြင့်တင်ဖို့ ပြုလုပ်ဆောင်ရွက်ရမှာတွေကိုလည်း တစ်ကြိမ်တစ်ခါမျှ တွေးတောဖူးခြင်း မရှိသည့်အတွက်ကြောင့် အိမ်ထောင်သည်ဘဝကို ပေါ့ပေါ့ဖြတ်သန်းမိခဲ့တာကို နောင်တရသလိုလို ပထမဆုံးခံစားရလာပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ သည်းခံမှုမရှိဘဲ မိဘတွေရဲ့ လူငယ်စိတ် ရှေ့တန်းတင်ပြီး ပျော်ရွှင်သာယာဖွယ်မရှိတဲ့ မိသားစုထဲဝင်ရောက်လာမယ့် မျိုးဆက်ကို ဘယ်လိုထိန်းကျောင်းရမယ်ဆိုတဲ့အတွေးက ကျွန်တော့်အတွက် ခေါင်းကြီးခေါင်းခဲလာစေတာ အမှန်ပါပဲ။

ကျွန်တော့်ရဲ့ ညည်းညူဖွယ်ကောင်းလှတဲ့အချိန်တွေကို ပြန်ပြီးအသက်ဝင်လှုပ်ရှားစေခဲ့တာ၊ မိတ်ဆွေ ခင်မင်သူတွေစကားတောင် နားထဲမရောက် အလေးမထားနိုင်လောက်အောင် မှောင်ပိန်းနေခဲ့တဲ့ ကျွန်တော့်ရဲ့အမြင်တွေကို ကြည်လင်သွားစေခဲ့တာက တကယ်တော့ ကိုယ့်အနားရှိပြီး အရေးမလုပ်ခဲ့မိတဲ့စာအုပ်ထဲမှ စာတစ်ကြောင်းကြောင့်သာ။ အနာနဲ့ဆေး တည့်သွားချိန်မှာတော့ စာပေဟာ တန်ဖိုးရှိလှပါလားဆိုတဲ့အသိက ဘဝအတွက်ရော နောင်တစ်ခေတ်ရဲ့ မျိုးဆက်သစ်ဖြစ်လာမယ့် မိမိမျိုးဆက်အတွက်ပါ အလွန်အကျိုးရှိသွားပုံကို နားလည်သဘောပေါက်လိုက်ပြီး မဖြစ်မနေ စာများများဖတ်မှရတော့မယ်ဆိုတဲ့ အသိအထိပါ ခံစားနားလည်ခဲ့ရပါတယ်။ အားတဲ့အချိန်တိုင်း စာပေကို မိတ်ဆွေအသစ်သဖွယ် နေ့စဉ်ထိတွေ့ဖြစ်လာပါတယ်။ မိမိကိုယ်မိမိ ပြုပြင်ရမယ်ဆိုတာသိလာပြီး မိမိကိုယ်မိမိပြုပြင်ရာမှာ အကောင်းဆုံးအကူအညီပေးနိုင်တာက စာအုပ်စာပေတွေပဲဆိုတာ သိလာခဲ့ရပါတယ်။ စာပေတွေ ဖတ်ရှုလေ့လာရင်း စိတ်ဓာတ်နဲ့ ပြောဆိုနေထိုင်ဆက်ဆံမှုတွေဟာ အရင်လိုမာကျောထောင်လွှားမှုမရှိတော့ဘဲ ဇနီးဖြစ်သူနဲ့ပါ အစစအဆင်ပြေလာခဲ့ပြီး အချိန်ရသလောက် စာဖတ်ဖို့ပါ တိုက်တွန်းခဲ့ပါတယ်။

**မကြာပါ**

စာဖတ်ခြင်းနဲ့ စာအုပ်တွေရဲ့အကျိုးကျေးဇူးက များလှပါတယ်။ စာပေမှရရှိတဲ့ အသိစိတ်တွေကြောင့် ကျွန်တော်တို့လင်မယား တစ်ယောက်ကိုတစ်ယောက် နားလည်မှု၊ သည်းခံမှု၊ ထားရမယ့်ကျင့်ဝတ်၊ စိတ်ဓာတ်တွေပါ သိနားလည်လာပြီး မျိုးဆက်အတွက်ပြုပြင်ထိန်းကျောင်းရမှာတွေပါ သိရှိနားလည်လာပါတယ်။ အိမ်ထောင်ရေးလည်း သာယာတိုးတက်လာခဲ့ပါတယ်။ စာအုပ်စာပေတွေရဲ့ကျေးဇူး၊ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေပဲ ဖြစ်ပါတယ်။

များသောအားဖြင့် လူတွေအိမ်ထောင်ပြုကြရာမှာ မိသားစုတစ်စု ထူထောင်ဖို့ပဲဖြစ်ကြပါတယ်။ အိမ်ထောင်ပြုမှုကိုသာ စဉ်းစားတတ်ကြပြီး မျိုးဆက်ပျိုးထောင်ပုံ၊ မြှင့်တင်ပုံတွေကို ကြိုတင်စဉ်းစားကြတဲ့သူက နည်းမယ်ထင်ပါတယ်။ အိမ်ထောင်တစ်ခုတည်ကြရာမှာ မျိုးဆက်မြှင့်တင်နိုင်ဖို့က အဓိကဖြစ်ပါတယ်။ မျိုးဆက်မြှင့်တင်တယ်ဆိုရာမှာလည်း ပစ္စည်းဉစ္စာ၊ ငွေကြေးနဲ့ မပြီးသေးဘဲ အသိပညာ၊ အတတ်ပညာ၊ စာရိတ္တစတာတွေကိုပါ မြှင့်တင်နိုင်ဖို့ အရေးကြီးပါတယ်။ သာမန်အိမ်ထောင်ပြုပြီး မျိုးဆက်မမြှင့်တင်နိုင်သော မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုဟာ အစစအရာရာ နောက်ကျကျန်နေခဲ့မှာဖြစ်ပါတယ်။

မိမိမျိုးဆက် မိမိထက် နိမ့်ကျသွားမယ်ဆိုရင် အဓိကတာဝန်ရှိသူက မိဘပါပဲ။ အိမ်ထောင်အသီးသီးရဲ့ မျိုးဆက်တွေ မိဘများထက်နိမ့်ကျသွားခြင်း၊ နိမ့်ကျလာခြင်းဟာ နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်ကိုပါ ထိခိုက်နစ်နာလာနိုင်သည်ကို အထူးသတိပြုဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ဘဝများ မြှင့်တင်ကြဖို့လိုသလို မျိုးဆက်များကိုလည်း မြှင့်တင်နိုင်ဖို့ လိုပါတယ်။ ဒီလိုကူညီနိုင်မယ့် အဓိကအရာကတော့ စာအုပ်၊ စာပေတွေပဲ ဖြစ်ပါတယ်။

အချုပ်ဆိုရသော် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း မိဘတိုင်းဟာ စာအုပ်စာပေလက်နက်ကြီးကို ကောင်းစွာအသုံးချပြီး မိမိဘဝ၊ မိမိမျိုးဆက်တွေ မြင့်သထက်မြင့်အောင် မြှင့်တင်ရင်းဖြင့် နိုင်ငံ့တာဝန်ပါ တစ်ဖက်တစ်လမ်းက ကူညီထမ်းရွက်နိုင်ကြပါစေဟု အကြံပြုရေးသားလိုက်ရပါသည်။ ။

**မျိုးအောင်(ညောင်ဦး)**

# ဂုတ်တွင်း၌ အဆင်းတွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား

**ကျောက်မဲ ဇူလိုင် ၂၄**
ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်း၏ကျောက်မဲဘက်ခြမ်း မိုင်တိုင်အမှတ်(၈၉) အပေါ်ကွေ့၌ ဇူလိုင်၂၄ ရက် ညနေပိုင်းက အဆင်းတွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ တွဲယာဉ်တိမ်းမှောက်ရာသို့ အမှတ်(၁၂၀)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်ကျောက်မဲ-နောင်ချိုမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များက လမ်းကြောင်းအမြန်ရှင်းလင်းရေးအတွက် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါတွဲယာဉ်တိမ်းမှောက်မှုကြောင့် လူသေဆုံးထိခိုက်မှုမရှိဘဲ လုံခြုံရေးနှင့်လိုအပ်ချက်များကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ညပိုင်းအထိ တာဝန်ယူကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ **(သီပေါကိုလတ်)**



# ဘူးသီးတောင်မြို့နယ်၌ စက်လှေတိမ်းမှောက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇူလိုင် ၂၃ ရက် ညပိုင်းက လုံခြုံရေးလှည့်ကင်းစက်လှေ တိမ်းမှောက်ပြီး တပ်ဖွဲ့ဝင်လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၀) တင်းမေကျေးရွာအနီးတစ်ဝိုက်တွင် လှည့်ကင်းဆောင်ရွက်ခဲ့ပြီး ည ၉ နာရီခွဲတွင် ပန်ဇင်းချောင်းအတိုင်း စက်လှေဖြင့် ပြန်လာစဉ် ည ၁၀ နာရီခွဲတွင် စက်လှေမှာရေစီးအားကြောင့် တိမ်းမှောက်ခဲ့ရာ စက်လှေပေါ်ပါ လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးအနက် သုံးဦးမှာ ည ၁၁ နာရီခန့်တွင် ကျောင်းတောင် ရဲကင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ စက်လှေမောင်းသူမှာ ပန်ဇင်းချောင်း၏ အနောက်ဘက်ကမ်းစပ်၌ ပြန်လည်တွေ့ရှိခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၃ စီး၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။


**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Toyota ကားများ။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၂၃ ရက်တွင် မူဆယ်မှ မန္တလေးသို့သွားရောက်မည့် Toyota Crown သုံးစီး၊ Toyota Wish တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ သန်းခန့်ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ ဆယ်အိမ်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇူလိုင် ၂၄**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဘုရားပြင်သိန်းတန်ရွာ၌ ယနေ့နံနက်ပိုင်းက ဆယ်အိမ်မှူးတစ်ဦး အသတ်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၁) ဘုရားပြင်သိန်းတန်ရွာမှ ဆယ်အိမ်မှူး ဟူဆောင်းနာမောက်သည် နေအိမ်၌အိပ်နေစဉ် ယနေ့နံနက် ၁ နာရီခန့်တွင် လူတစ်ဦးက အိပ်ခန်းထဲသို့ဝင်ရောက်ပြီး ဓားရှည်ဖြင့် ထိုးခုတ်မှုကြောင့် ပြတ်ရှ၊ ထိုးသွင်းဒဏ်ရာများရရှိကာ သေဆုံးခဲ့သဖြင့် သေဆုံးသူအား ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ပြီး နယ်မြေရဲစခန်းတွင် အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စစ်တောင်းမြစ်ရေ မြင့်တက်ခြင်းကြောင့် ကမ်းဘေးကျေးရွာများနှင့် ရွှေကျင်မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များ ရေမြုပ်

**ညောင်လေးပင် ဇူလိုင် ၂၄**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ စစ်တောင်းမြစ်ရေမြင့်တက်လျက်ရှိရာ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ၁၁၅၃ စင်တီမီတာသို့ရောက်ရှိပြီး စစ်တောင်းမြစ်၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၁၀၇၀ ဖြစ်သောကြောင့် စစ်တောင်းမြစ်ဘေးကျေးရွာများနှင့် ရွှေကျင်မြို့ပေါ်ရှိ အနိမ့်ပိုင်း ညောင်ဝိုင်းတရုတ္တန်း ရပ်ကွက်အတွင်း ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရွှေကျင်ချောင်းရေသည် ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ စင်တီမီတာ ၆၈၀ ရှိပြီး စိုးရိမ်ရေအမှတ်မှာ စင်တီမီတာ ၇၀၀ ရှိသောကြောင့် ရွှေကျင်ချောင်းရေသည် စိုးရိမ်ရေမှတ်ထိ မရောက်ရှိသော်လည်း စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်နေသောကြောင့် ကမ်းဘေးကျေးရွာများနှင့် မြို့ပေါ်အနိမ့်ပိုင်း ညောင်ဝိုင်းတရုတ္တန်းရပ်ကွက်များရှိ အိမ်များနှင့် စာသင်ကျောင်းတို့ ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါရေနစ်မြုပ်မှုကြောင့် ညောင်ဝိုင်းတရုတ္တန်း ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၈၃ လုံး လူဦးရေ ၃၆၇ ဦးအား ရွှေတောင်ဦးကုန်းရှိ တောင်ပိုင်ကျောင်းနှင့် ကမ္ဘဋ္ဌာန်းကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၏ ပူးပေါင်းမှုဖြင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့မိသားစုများက ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်ဥများနှင့် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များက ထမင်းထုပ်များ ဝေငှခဲ့ကြသည်။ ရွှေကျင်မြို့နယ် ရေကြီးနစ်မြုပ်အိမ်ထောင်စု စုစုပေါင်း ၁၅၁ စု၊ လူဦးရေ ၆၆၂ ဦးရှိပြီး ရေကြီးနစ်မြုပ်မှုကြောင့် စုစုပေါင်း စာသင်ကျောင်း ၁၂ ကျောင်းအား ယာယီပိတ်ထားရသည်။ ယာယီပြောင်းရွှေ့နေထိုင်ကြသော ပြည်သူများအဆင်ပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခင်မောင်လွင် (ညောင်လေးပင်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**
ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက်က ဗန်းမော်မြို့ နည်းပညာတက္ကသိုလ် လုံခြုံရေးရဲကင်းရှေ့၌ သိန်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၄၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) ပွေးတောင်နယ်မြေ(၂)နေ အောင်နိုင်ဦး၏နေအိမ်အားရှာဖွေရာ အောင်နိုင်ဦး၊ ကိုလွင်နှင့်မစန်းစန်းသူတို့ကို တွေ့ရှိပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ အောင်ဆန်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်သာမြို့၌ လေးကောင်ဂျင်လောင်းကစားဝိုင်းဖမ်းဆီး

**တောင်သာ ဇူလိုင် ၂၄**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးဦးဆောင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အမှတ်(၆) ရပ်ကွက် မကျီးရိုရွာအနောက်ဘက် တောင်သာ-နွားထိုးကြီးသွားကားလမ်းဘေး ဦးဝင်းအောင်၏ ယာခင်းအတွင်း လေးကောင်ဂျင်လောင်းကစားဝိုင်း ပြုလုပ်နေမှုကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ဝင်ရောက်ဖမ်းဆီးခဲ့ရာ လောင်းကစားရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများ၊ ငွေစက္ကူများ၊ ဆိုင်ကယ်များနှင့်အတူ လေးကောင်ဂျင်ဝိုင်းကစားနေသူ ဇင်မင်းပါ ၁၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



လေးကောင်ဂျင်လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ ဖမ်းဆီးရာတွင် ဂျင်သီးငါးလုံး၊ ဂျင်သီးအုပ်ယွန်းအစ်အဖုံးတစ်ခု၊ ကြွေပန်းကန်ပြားတစ်ချပ်၊ အရုပ်များပါဇယားကားချပ်တစ်ခု၊ တုံကင်သံပြား ၄၀၊ ဆန်ထည့်ထားသည့် သံပန်းကန်ပြားတစ်ချပ်၊ ဂျင်ပေါက်ကောင်မှတ်သားထားသည့် စာရွက်ပိုင်းတစ်ပိုင်း၊ လောင်းကြေးငွေကျပ် ၁၄၂၆၀၀၀၊ လက်ကိုင်ဖုန်းငါးလုံး၊ သစ်သားသေတ္တာတစ်လုံး၊ ဆိုင်ကယ် ၁၂ စီး၊ စက်ဘီးတစ်စီး၊ ဖျာကြမ်းငါးချပ်၊ အစိမ်းရောင်မိုးကာပိုင်းနှစ်ပိုင်းနှင့်အတူ ဇင်မင်း(ခ)ဇင်မင်းဝင်း(၃၈)နှစ်၊ သန့်ဇင်(ခ)ဖိုးတုတ်(၃၅)နှစ်၊ ထွန်းလင်း(ခ) တရုတ်ကြီး(၄၀)နှစ်၊ ကျော်ထွန်း(ခ)ကျော်ထွန်းအောင်(၅၃)နှစ်၊တိုးဝင်း(၅၁)နှစ်၊ မောင်သိန်း(ခ) သိန်းထိုက်စံ(၃၆)နှစ်၊ ဝင်းကြိုင်(၂၈)နှစ်၊ စိုးရွှေ(၄၀)နှစ်၊ မြလင်း(၅၅)နှစ်၊ မောင်မြင့်(၃၈)နှစ်၊ သက်ပိုင်(၃၀)နှစ်တို့အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား တောင်သာမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ဒီတစ်ခါတကယ်ပဲလား နေမာ



**ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုကတော့ နေမာ အနေနဲ့ ပီအက်စ်ဂျီကို သွားရောက်ပူးပေါင်းမယ်ဆိုရင် ကစားသမားဘဝတိုးတက်မှု နောက်ကြောင်းပြန်လှည့်သွားခြင်းလို့ ဆိုနိုင်တာကြောင့် တကယ်လို့ ဘာကာကနေ ထွက်ခွာချင်တယ်ဆို မန်ယူရဲ့ ကမ်းလှမ်းမှုကို စောင့်ဆိုင်းပါဦးလို့ အကြံပြုခဲ့ကြောင်း သိရပါတယ်။**

တိုက်စစ်မှူး နေမာ ပီအက်စ်ဂျီကို ပြောင်းတော့မယ်ဆိုတဲ့ သတင်းတွေ လျှံတက်လာချိန် ဒီတစ်ခါတော့ နေမာရဲ့ အပြောင်းအရွှေ့ တကယ်ပဲဖြစ်လာတော့မလားဆိုတဲ့ စဉ်းစားအဖြေထုတ်မှုတွေလည်း နောက်ဆက်တွဲ ကပ်ငြိလာပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက နေမာရဲ့ ဖခင်နဲ့ ပီအက်စ်ဂျီ အားကစားဒါရိုက်တာတို့ ပဲရစ်မြို့မှာ တွေ့ဆုံခဲ့ကြပြီးနောက်မှာ နေမာက သူ့အနေနဲ့ ပီအက်စ်ဂျီကို ပြောင်းတော့မယ်လို့ ဘာစီလိုနာအသင်းဖော်တွေကို အသိပေးခဲ့တယ်လို့ အမ်တီတီက ဖွင့်ဟခဲ့တယ်စသဖြင့် သတင်းတွေက အခိုင်အမာပုံစံနဲ့ကို ထွက်နေတာပါ။

သူ့ရဲ့ ပြောင်းရွှေ့ကြေးတန်ဖိုးက ပေါင် ၁၉၆ သန်းဖြစ်တာကြောင့် ဒီပမာဏဟာ ကမ္ဘာ့စံချိန်တင်ထားတဲ့ ပေါ့ဘာရဲ့ ပြောင်းရွှေ့ကြေးထက်တောင် နှစ်ဆကျော်များမှာဖြစ်ပါတယ်။ နေမာနဲ့ ဘာစီလိုနာတို့ ချုပ်ဆိုထားတဲ့ ထွက်ခွာခွင့်ပါအချက်အရ ပီအက်စ်ဂျီက သူ့ကို ခေါ်ချင်ရင် ပြောင်းရွှေ့ကြေး ပေါင် ၁၉၆ သန်း ပေးချေရဖို့ရှိနေသလို ခြောက်နှစ်စာချုပ်အတွက် လုပ်ခလစာ ပေါင် ၁၅၆ သန်း ပေးချေရမှာဖြစ်လို့ ပီအက်စ်ဂျီအနေနဲ့ နေမာ တစ်ဦးတည်းအတွက်တင် ကုန်ကျစရိတ် ပေါင် ၃၅၂ သန်းအထိ ရှိလာမှာပါ။ ခြောက်နှစ်အတွက် ပေါင် ၁၅၆ သန်းဆို တစ်နှစ်ကို ပေါင် ၂၆ သန်း တိတိကျကျဆိုရရင် တစ်ပတ်လုပ်ခ ပေါင် ၅၀၀၀၀၀ ကျော် ဖြစ်ပါတယ်။ ဒီလောက်များတဲ့ ပမာဏဟာ ဘဏ္ဍာရေးမျှခြေစည်းမျဉ်းနဲ့ မကိုက်နိုင်တာကြောင့် ပီအက်စ်ဂျီအနေနဲ့ နေမာကို ခေါ်ယူဖို့ဆိုတာမဖြစ်နိုင်ဘူးလို့ ဘာကာဥက္ကဋ္ဌ ဘာတိုမူက ရှင်းချက်ပေးပါတယ်။

ပီအက်စ်ဂျီဆိုတာ ကာတာနိုင်ငံ အောရက်စ်အားကစားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုက ပိုင်ဆိုင်တဲ့ အသင်းဖြစ်တာကြောင့် ငွေကြေးသုံးစွဲဖို့ လက်မတွန့်တဲ့ အသင်းဖြစ်တယ်ဆိုတာ သံသယထားစရာ မလိုပေမယ့် ဘဏ္ဍာရေးမျှခြေစည်းမျဉ်းကို ဘယ်ဥရောပကလပ်ကမှ ချိုးဖောက်လို့ မရဘူးဆိုတဲ့ အချက်တစ်ခုကို သတိထားရပါမယ်။ ၂၀၁၄ ခုနှစ်မှာ ယူအီးအက်ဖ်အေက ပြဋ္ဌာန်းခဲ့တဲ့ ဒီစည်းမျဉ်းကို ပီအက်စ်ဂျီ ချိုးဖောက်မိတာကြောင့် ဒဏ်ငွေအပြင် ကစားသမားခေါ်ယူမှု ကန့်သတ်ခံခဲ့ရလို့ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ အခြားအသင်းတွေ ချန်ပီယံလိဂ်ပြိုင်ပွဲကို ကစားသမား ၂၅ ဦးနဲ့ အင်ပြည့် အားပြည့် ယှဉ်ပြိုင်ချိန်မှာ ၂၁ ဦးထဲနဲ့ ယှဉ်ပြိုင်ခဲ့ရဖူးတဲ့ အစဉ်အလာလည်းရှိပါတယ်။

တန်ဖိုး ပေါင် ၃ ဘီလီယံ တန်ကြေးရှိတဲ့ ကမ္ဘာ့အချမ်းသာဆုံး ကလပ်နှစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ မန်ယူတို့တောင် နေမာကို ဝယ်ဖို့မကြိုးစားတဲ့အချိန်မှာ ပီအက်စ်ဂျီကရော နေမာကို ရဖို့စွမ်းဆောင်နိုင်ပါ့မလားဒါလည်း နောက်ထပ်စဉ်းစားစရာ ရှိပါတယ်။ ဘာလို့ ဒီလို သုံးသပ်ရသလဲဆိုရင် ဝင်ငွေ၊ ထွက်ငွေကို ထိန်းညှိပေးတဲ့ ဘဏ္ဍာရေးမျှခြေစည်းမျဉ်းအရ ပီအက်စ်ဂျီဟာ ဖောဘိစ်ရဲ့ ထုတ်ပြန်ချက်မှာ ကမ္ဘာ့အချမ်းသာဆုံး ထိပ်တန်းကလပ်အသင်း (၁၀)မှာ မပါဝင်တာကြောင့် နေမာတစ်ဦးတည်းအတွက် ဒီလောက်ပမာဏကို တစ်ပြိုင်နက်တည်း သုံးဖို့ မဖြစ်နိုင်တဲ့ အနေအထားပါ။

တစ်ခုတော့ရှိပါတယ်။ နေမာအတွက် ကုန်ကျမယ့် ပြောင်းရွှေ့ကြေး ပေါင် သန်း၂၀၀နီးပါးကို အပြောင်းအရွှေ့ စဖြစ်တဲ့ နှစ်မှာ ပေါင် သန်း ၁၀၀ ကနဦး ပေးချေပြီး ကျန်တဲ့ ပမာဏကို တစ်နှစ်ဘယ်လောက်နှုန်းနဲ့ အရစ်ကျပေးချေရမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ ဒါကလည်း ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ နေမာရဲ့ ကိုယ်စားလှယ်တို့ သုံးဦး သုံးဖက် သဘောတူမှုရမှာပါ။

ဖောဘိစ်ရဲ့ ထုတ်ပြန်ချက်အရ နေမာဟာ အားကစားသမားတွေထဲမှာ ၁၈ ဦးမြောက် ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်ပြီး လက်ရှိ လုပ်ခလစာ ပေါင် ၁၁ ဒသမ ၅၄ သန်းအပြင် အခြားစပွန်ဆာဝင်ငွေများမှ တစ်နှစ် ပေါင် ၁၇ သန်းကျော်ရရှိနေသူ ဖြစ်ပါတယ်။ နေမာဟာ ဘောလုံးလောကရဲ့ ပုံရိပ်အမြင့်မားဆုံးကစားသမား ဖြစ်တာကြောင့် မက်ပီလို တစ်ရာသီသာ ခြေစွမ်းပြတဲ့ ကစားသမားလေးတောင် ပေါင်သန်း ၁၂၀ ကျော် ပေါက်နေတဲ့ အချိန်မှာ ပီအက်စ်ဂျီအနေနဲ့ နေမာလို ကမ္ဘာ့ထိပ်တန်း တိုက်စစ်မှူးတစ်ဦးကို ပေါင်သန်း ၂၀၀ နီးပါး ပေးချေရမယ်ဆိုလည်း တန်ပါတယ်။ နေမာရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ရှက်ဖီးလ်ဟယ်လန်တက္ကသိုလ်က ဘောလုံးဘဏ္ဍာရေးပိုင်း ကျွမ်းကျင်သူ ဒေါက်တာဝီလ်ဆင်ကို ဘီဘီစီက ဆက်သွယ်မေးမြန်းရာမှာ "နေမာကို ဆယ်နှစ်စာချုပ်ချုပ်ဆိုပြီး ပေါင်သန်း ၂၀၀ ပေးတယ်လို့ စဉ်းစားကြည့်ကြရအောင်ပါ။ သူတို့အနေနဲ့ ဘာစီလိုနာကို တစ်နှစ်ပေါင် သန်း ၂၀ နှုန်း ပေးချေသွားမယ်ဆိုတဲ့ သဘောတူညီချက်မရနိုင်ဘူးလား။ ကစားသမားတစ်ဦး အပြောင်းအရွှေ့ဟာ ရောင်းချတဲ့ အသင်းပေါ်မှာပဲ မူတည်ပါတယ်" လို့ ရှင်းပြပါတယ်။

ဒါပေမယ့် နောက်ဆုံးသိရသလောက်တော့ နေမာဟာ အသင်းဖော် မက်ဆီနဲ့ ဆွာရက်ဇ်တို့ရဲ့ တိုက်တွန်းမှုကြောင့် ဘာစီလိုနာမှာပဲ ဆက်နေဖြစ်မယ်လို့ ကတိပြုခဲ့ကြောင်း သိရပါတယ်။ ဘာကာမှာပဲ နေမာ ဆက်ရှိမယ်ဆိုတာကို ဘာစီလိုနာ နောက်ခံလူ ပီကေးကလည်း တွစ်တာစာမျက်နှာပေါ်ကနေ အတည်ပြုခဲ့တာကြောင့် အခြေအနေတွေဟာ ရက်ပိုင်းအတွင်း တစ်မျိုးတစ်ဖုံ ပြောင်းသွားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ နေမာဟာ လက်ရှိမှာ အသက်(၂၅)နှစ်ရှိပြီဖြစ်ပေမယ့် ဘာစီလိုနာတိုက်စစ်ပိုင်းမှာ မက်ဆီရဲ့ အမည်လွှမ်းမိုးထားမှုက သူ့ရဲ့အရှိန်ကို မှေးမှိန်နေစေခဲ့တာလို့ယူဆတဲ့အတွက် သူ့လမ်းသူဖောက်ဖို့ အချိန်တန်ပြီဆိုတဲ့ ဖခင်ဖြစ်သူရဲ့တိုက်တွန်းခဲ့တာကြောင့် အသင်းပြောင်းဖို့ချိတ်ဆက်ရာမှာ ပီအက်စ်ဂျီကို ပြောင်းရွှေ့ဖို့ အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ရောက်ခဲ့တာပါ။ အရင်က နေမာအတွက် ပီအက်စ်ဂျီ၊ မန်ယူတို့ နှစ်အတော်ကြာ ချိတ်ဆက်မှုဟာ မစခင်ကတည်းက ဆုံးခဲ့ရတဲ့ အခြေအနေတွေသာ ကြုံခဲ့ရပေမယ့် ဒီတစ်ခါတော့ လုပ်ခလစာကိစ္စ၊ ပြောင်းရွှေ့ကြေးပေးမယ့်ကိစ္စတွေမှာပါ သဘောတူညီချက်ရခဲ့တာလို့ သိရပါတယ်။

ပီအက်စ်ဂျီကတော့ ဒီအပြောင်းအရွှေ့ကို ခုထိ ရေငုံနှုတ်ပိတ်လုပ်နေဆဲဖြစ်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေအပေါ် ဘာမှ တုံ့ပြန်ခြင်းမရှိပါဘူး။ ပီအက်စ်ဂျီမှာ ဘရာဇီးကစားသမားတွေလည်း အများအပြားရှိနေခဲ့တာကလည်း နေမာကိုဆွဲဆောင်နိုင်တဲ့ နောက်ထပ်အကြောင်းရင်းတစ်ချက်ဖြစ်နေပါတယ်။

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုကတော့ နေမာ အနေနဲ့ ပီအက်စ်ဂျီကို သွားရောက်ပူးပေါင်းမယ်ဆိုရင် ကစားသမားဘဝတိုးတက်မှု နောက်ကြောင်းပြန်လှည့်သွားခြင်းလို့ ဆိုနိုင်တာကြောင့် တကယ်လို့ ဘာကာကနေ ထွက်ခွာချင်တယ်ဆို မန်ယူရဲ့ကမ်းလှမ်းမှုကို စောင့်ဆိုင်းပါဦးလို့ အကြံပြုခဲ့ကြောင်း သိရပါတယ်။ စီရိုနယ်လ်ဒိုနဲ့ နေမာတို့ဟာ ကွင်းထဲမှာ ပြိုင်ဘက်အဖြစ် ရင်ဆိုင်ကြရပေမယ့် သူတို့နှစ်ယောက်ဟာ ပြင်ပလူနေမှုဘဝမှာတော့ ရင်းနှီးတဲ့ဆက်ဆံရေးရှိတဲ့ မိတ်ဆွေကောင်းတွေဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုရဲ့အမြင်မှာ ပီအက်စ်ဂျီဟာ အသင်းငယ်လေးတစ်သင်းသာဖြစ်ပြီး မန်ယူလို အစဉ်အလာရှိတဲ့ ကလပ်ကို ပြောင်းရွှေ့ခြင်းကသာ မှန်ကန်တဲ့ နည်းလမ်းလို့ အပြောင်းအရွှေ့သတင်းတွေ ထွက်လာချိန်မှာ နေမာဆီကို စီရိုနယ်လ်ဒိုက စာတိုရေးသားပြီး အကြံပြုချက်ပေးခဲ့တာပါ။

ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမူက နေမာဟာ ရောင်းချမယ့် ကစားသမားမဟုတ်ဘူးလို့ ဆိုခဲ့ပြီးဖြစ်တာကြောင့် ဆက်ထိန်းဖို့တော့ စွမ်းနိုင်သလောက်ကြိုးစားမှာ သေချာပါတယ်။ နယူးဂျာစီပြည်နယ်မှာ ကစားခဲ့တဲ့ ဂျူဗင်တပ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိတဲ့ပွဲစဉ်မှာ နေမာက အနိုင်ဂိုး နှစ်ဂိုးစလုံးကို ခြေစွမ်းပြသွင်းယူနိုင်ခဲ့သလို အပြောင်းအရွှေ့သတင်းတွေလည်း ထွက်နေချိန်ဖြစ်လို့ မီဒီယာတွေရဲ့ အထူးအာရုံစိုက်ခံခဲ့ရပေမယ့် သူ့ရဲ့နှုတ်က ဘာတစ်ခုမှ မှတ်ချက်ပေးခဲ့ခြင်းမျိုးမရှိခဲ့ဘူး။

ဘာစီလိုနာနည်းပြ ဗယ်ဗာဒီကတော့ "ကျွန်တော်တို့နဲ့ နေမာ အတူရှိဖို့ အလိုရှိပါတယ်"လို့ တုံ့ပြန်ပြီး သူ့သဘောထားကို ဖော်ပြခဲ့ပါတယ်။ ပီအက်စ်ဂျီနည်းပြ အမ်မရီကို နေမာရဲ့ အပြောင်းအရွှေ့ကိစ္စမေးမြန်းရာမှာတော့ အသင်းကို ကူညီနိုင်မယ့် ကစားသမားတွေကို အမြဲအလိုရှိပါတယ်"လို့သာ ထိန်းထိန်းသိမ်းသိမ်း ဖြေကြားသွားခဲ့ပါတယ်။ ဒါပေမယ့် ဒေါက်တာ ဝီလ်ဆင်ကတော့ ပီအက်စ်ဂျီသာ စပွန်ဆာကုမ္ပဏီအသစ်၊ လုပ်ငန်းစုအသစ်တွေနဲ့ စာချုပ်ချုပ်နိုင်ရင် နေမာရောက်မလာနိုင်စရာအကြောင်းမရှိဘူးလို့ သုံးသပ်ခဲ့တာဖြစ်ပါတယ်။

နေမာဟာ စီရိုနယ်လ်ဒို-မက်ဆီတို့ ခေတ်လွန်ချိန် ဘောလုံးလောကရဲ့ အတောက်ပဆုံး ကစားသမားဖြစ်လာမယ့်သူဆိုတာ ရာသီအတော်များများမှာလည်း သက်သေပြပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အပြောင်းအရွှေ့ကာလရောက်တိုင်း ထိပ်တန်းအသင်းတွေရဲ့ ဆက်သွယ်ခံနေရတာကြောင့် ရီးယဲလ်ကိုရောက်မယ်၊ မန်ယူကိုရောက်မယ်၊ ပီအက်စ်ဂျီကိုရောက်မယ် စသဖြင့် ငွေကြေးတတ်နိုင်တဲ့အသင်းတွေနဲ့ အမြဲနာမည်ထွက်နေတတ်သူဆိုတာ သတိထားစေချင်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာလို အသင်းကြီးကို ရောက်နှင့်ပြီးသား၊ ပုံမှန်ပွဲထွက်ခွင့်ရနေတဲ့ ကစားသမားတစ်ဦးအနေနဲ့ အသင်းပြောင်းဖို့ဆိုတာ အတော်လေးမလွယ်တဲ့ အနေအထားပါ။ ဒါ့အပြင် မက်ဆီရဲ့လွှမ်းမိုးမှုကို ရုန်းထွက်ချင်လို့ အသင်းပြောင်းမယ်ဆိုရင်လည်း မက်ဆီဟာ အသက်(၃၀)ကျော်နေပြီဖြစ်တာကြောင့် နေမာဟာ ဘာစီလိုနာရဲ့ အနာဂတ် တိုက်စစ်ပိုင်းကို ဦးဆောင်မယ့်သူဆိုတာ ယုံမှားသံသယဖြစ်စရာမလိုပါဘူး။ သုံးသပ်ရရင် နေမာရဲ့ အပြောင်းအရွှေ့ဟာလည်း စီရိုနယ်လ်ဒိုရဲ့ အပြောင်းအရွှေ့သတင်းလို အဖျားရှူးသွားဦးမယ့် ကိစ္စရပ်တစ်ခုလို့သာ ထင်မြင်မိပါတယ်။

**မေလဲ့သင်း - စုစည်းသည်**

## မန်ယူက ရီးယဲလ်ကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ယူ



အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလားပြိုင်ပွဲတွေထဲက ပရိသတ်စိတ်ဝင်စားမှုမြင့်မားတဲ့ ရီးယဲလ်နဲ့ မန်ယူအသင်းတို့ ပွဲစဉ်ကို ဇူလိုင် ၂၄ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့ရာ မန်ယူက ရီးယဲလ်ကို ပင်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ရသွားပါတယ်။ ရီးယဲလ်က တိုက်စစ်ပိုင်းမှာ လူးကပ်စ်၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့ ပွဲထွက်လာခဲ့သလို ကွင်းလယ်ပိုင်းကလည်း အဓိက ကစားသမားတွေနဲ့ လူစုံထုတ်ခဲ့ပေမယ့် ပထမပိုင်းမှာ မန်ယူရဲ့ တိုက်စစ်ပိုင်းကို ထိန်းထားနိုင်ခြင်းမရှိခဲ့ဘဲ မန်ယူကို ဦးဆောင်ဂိုး ခွင့်ပြုလိုက်ရပါတယ်။

မန်ယူအတွက် လင်းဂတ်သွင်းယူခဲ့တဲ့ အဖွင့်ဂိုးဟာ မာရှယ်လ်ရဲ့ တိကျသေသပ်တဲ့ဖန်တီးမှုကတစ်ဆင့် ရရှိခဲ့တာဖြစ်ပြီး မန်ယူအနေနဲ့ ပါရီဆစ်ကို မလိုအပ်ဘူးဆိုတာကို အချက်ပေးလိုက်သလိုပါပဲ။ မာရှယ်လ်ဟာ လူကာမိုဒရစ်၊ ကာဗာဂျယ်လ်တို့ကို ကျော်ဖြတ်လှည့်ထွက်ပြီး လင်းဂတ်ကို ဘောလုံးချခြင်းပေးခဲ့တာပါ။ မော်ရင်ဟို အလိုရှိနေတဲ့ ပါရီဆစ်ဟာ မာရှယ်လ်ထက် အသက်ရှစ်နှစ်လောက်ကြီးသူဖြစ်လို့ မော်ရင်ဟိုအနေနဲ့ တိုက်စစ်ပိုင်းအတွက် အတွေ့အကြုံရှိသူကို ခေါ်ယူချင်ရင်တောင် မာရှယ်လ်ကိုတော့ လက်လွှတ်မခံသင့်ပါဘူး။

ဒုတိယပိုင်းမှာတော့ ရီးယဲလ်က အဓိကကစားသမားတွေကို ထုတ်လိုက်ပြီး အရန်ကစားသမားအတော်များများကို ထည့်သွင်းကစားခဲ့ပေမယ့် ကစားပုံပျက်သွားခြင်းမရှိဘဲ ကစားအားကို တင်ပြီး ကစားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ မန်ယူနောက်ခံလူ လင်ဒီလော့ဖ်က သီယိုဟာနန်ဒက်ဇ်ကို ပင်နယ်တီဧရိယာအတွင်း လှဲချဖျက်ထုတ်ခဲ့လို့ ပင်နယ်တီပေးခဲ့ရပြီး ကက်စီမီရိုက ကန်သွင်းခဲ့လို့ ရီးယဲလ် ချေပဂိုးရသွားခဲ့တယ်။

အဲဒီနောက် နှစ်သင်းစလုံး ဂိုးထပ်မရခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ မန်ယူက နှစ်ဂိုးဝင်ပြီး ရီးယဲလ်က တစ်ဂိုးသာဝင်ခဲ့လို့ မန်ယူက အနိုင်ရခဲ့တာဖြစ်ပါတယ်။ မန်ယူဟာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလားပြိုင်ပွဲမှာ နှစ်ပွဲကစား နှစ်ပွဲလုံးနိုင်ပြီး အမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်နေကာ လာမယ့် ဇူလိုင် ၂၇ ရက်မှာ ဘာစီလိုနာကို ဆက်လက်ရင်ဆိုင်ဦးမှာပါ။ ရီးယဲလ်ကတော့ မန်ယူကို ပင်နယ်တီနဲ့သာ အရေးနိမ့်ခဲ့လို့ ရမှတ်တစ်မှတ် ရရှိခဲ့ပြီး ဇူလိုင် ၂၇ ရက်မှာ မန်စီးတီး၊ ဇူလိုင် ၃၀ ရက်မှာ အစဉ်အလာပြိုင်ဘက် ဘာစီလိုနာတို့နဲ့ ရင်ဆိုင်ဦးမှာဖြစ်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ ရီးယဲလ်လို ထိပ်တန်းအသင်းကို ပထမပိုင်းမှာ အကောင်းဆုံး ယှဉ်ကစားနိုင်ခဲ့တာကတော့ လေ့ကျင့်ရေးကောင်းကောင်းလုပ်တဲ့ အကျိုးကျေးဇူးလို့ဆိုခဲ့ပါတယ်။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

**ယခင်အပတ်မှ အဆက်**

အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ် (Secretary-General) ကို ၅-နှစ်တစ်ကြိမ် သက်တမ်းအတွက် အဖွဲ့ဝင်နိုင်ငံများမှ စွမ်းရည်ရှိသူ၊ ဂုဏ်သိက္ခာကြီးမြင့်သူ၊ အာဆီယံဆိုင်ရာ အတွေ့အကြုံရှိသူတွေကို အာဆီယံထိပ်သီးအစည်းအဝေးကနေအတည်ပြုခန့်အပ်ပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ကြီးရဲ့မူဝါဒချမှတ်ရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ အစိုးရများကသာ ပြုလုပ်ပြီး အတွင်းရေးမှူးချုပ်ဟာ တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိပါ။ သို့သော်လည်း အာဆီယံအဖွဲ့ကြီးရဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်တွေမှာ သမိုင်းကြောင်းဆိုင်ရာ ဖြစ်စဉ်မှတ်တမ်းမှတ်ရာတွေ (Institutional Memory)၊ အတွေ့အကြုံတွေကိုထောက်ပံ့ပေးအပ်ဖို့၊ အာဆီယံဆိုင်ရာ သဘောတူညီချက်တွေ။ ဆုံးဖြတ်ချက်တွေ အကောင်အထည်ဖော်မှုအပေါ် လေ့လာစောင့်ကြည့်ဖို့၊ အစီရင်ခံဖို့၊ လေ့လာသုံးသပ်မှုတွေ၊ မူဝါဒဆိုင်ရာ အကြံပြုမှုတွေ ပြုလုပ်ဖို့၊ ပြင်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့အတွက် တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ ပေးအပ်ထားပါတယ်။

အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် သတ်မှတ်ချက်တွေကိုလည်း ဖော်ပြထားရာမှာ အဖွဲ့ဝင်အဖြစ် လျှောက်ထားမယ့်နိုင်ငံဟာ ပထဝီအနေအထားအရ သတ်မှတ်ထားတဲ့ အရှေ့တောင်အာရှဒေသတွင်းမှာ ရှိရမယ်၊ လက်ရှိအာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လျှောက်ထားမှုကို သဘောတူညီရမယ်၊ အာဆီယံပဋိညာဉ်စာတမ်းကို လိုက်နာရမယ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအတွက် သတ်မှတ်ထားတဲ့ တာဝန်ဝတ္တရားတွေကို လိုက်နာနိုင်စွမ်းရှိရမယ်၊ လိုက်နာဖို့လည်း ဆန္ဒရှိရမယ်လို့ ဖော်ပြထားပါတယ်။ အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ အာဆီယံညှိနှိုင်းရေးကောင်စီက ထောက်ခံတင်ပြမှုနဲ့ အာဆီယံထိပ်သီးအစည်းအဝေးက ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးက အတည်ပြုပြီးတာနဲ့ အဖွဲ့ဝင်အဖြစ်လျှောက်ထားတဲ့နိုင်ငံဟာ အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုကြောင်း ပါဝင်လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အာဆီယံအဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ တီမောလက်စ်တေနိုင်ငံက ၂၀၁၁ ခုနှစ်မှာ လျှောက်ထားတာ ရှိပါတယ်။ တီမောလက်စ်တေနိုင်ငံရဲ့ လျှောက်ထားမှုကို အာဆီယံ ညှိနှိုင်းရေးကောင်စီက ၂၀၁၂ ခုနှစ်မှာ ဖွဲ့စည်းပေးထားတဲ့ လုပ်ငန်းအဖွဲ့က လေ့လာဆောင်ရွက်လျက်ရှိနေပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပေါင်းစည်းနိုင်ရေးအတွက် တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသောအသိုက်အဝန်း (One Vision, One Identity, One Community) ဆိုတဲ့ အာဆီယံရဲ့ ဆောင်ပုဒ်နဲ့ စိတ်အားထက်သန်မှုကို ဖော်ပြပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့တဲ့ (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း အာဆီယံခေါင်းဆောင်တွေဟာ (၂၀-၁၁-၂၀၀၇) ရက်နေ့မှာ အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ကို လက်မှတ်ရေး ထိုးခဲ့ကြပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းဟာ အာဆီယံအဖွဲ့ကြီးရဲ့ အနှစ် (၄၀) ပြည့်ကာလမှာ ပေါ်ထွက်လာတဲ့ သမိုင်းမှတ်တိုင် တစ်ရပ်လည်း ဖြစ်ပါတယ်။



အာဆီယံပဋိညာဉ်စာတမ်းဟာ အာဆီယံရဲ့ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကို ထင်ဟပ်ဖော်ပြနေတဲ့အပြင် အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်မှာ ထူထောင်နိုင်ဖို့အတွက် အထောက်အကူပြုတဲ့ ယန္တရားအသစ်တွေကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းဟာ အာဆီယံအဖွဲ့ကြီး စတင်ထူထောင်ခဲ့တဲ့ ဘန်ကောက်ကြေညာစာတမ်းပြီးရင် အာဆီယံအတွက် အရေးကြီးဆုံး သင်းဖွဲ့စည်းမျဉ်းတစ်ခုဖြစ်လာသလို အာဆီယံဟာ ပိုမိုခိုင်မာပြီး စည်းမျဉ်းစည်းကမ်းတွေနဲ့ စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းအဖြစ် အသစ်တစ်ဖန် ရှင်သန်လာစေခဲ့ပါတယ်။

အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံရဲ့ ရည်ရွယ်ချက်တွေကတော့ -

(က) ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းတိုးမြှင့်ရန်၊ ငြိမ်းချမ်းမှုကိုလိုလားတဲ့ အလေ့အထများ ဒေသအတွင်း ပိုမိုခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန်၊

(ခ) နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် ဒေသအတွင်းစည်းလုံးမှုကို တည်ထောင်ရန်၊

(ဂ) အရှေ့တောင်အာရှဒေသအား နျူကလီးယား လက်နက်ကင်းမဲ့သော၊ လူအများအပြား သေကျေပျက်စီးစေနိုင်သည့် အခြားသော လက်နက်များ ကင်းမဲ့သော ဒေသအဖြစ် ထိန်းသိမ်းရန်၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက် ဒီမိုကရေစီကျသော၊ တန်းတူညီမျှသည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး ဆောင်ရွက်သွားရန်၊

(င) စီးပွားရေးပေါင်းစည်းမှုမှတစ်ဆင့် ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းမှုနှင့် မတည်အရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းမှုရှိသည့် ကြွယ်ဝချမ်းသာ၍ တည်ငြိမ်ပြီး အဆင့်မြင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဒေသဖြစ်ပေါ်လာစေရန်၊

(စ) အာဆီယံအဖွဲ့အတွင်း အပြန်အလှန် ကူညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး ဆောင်ရွက်သွားရန်၊

(ဆ) အာဆီယံနိုင်ငံများရဲ့ အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အလေးထားပြီး ဒီမိုကရေစီကို ပိုမိုခိုင်မာစေရန်၊ စီမံအုပ်ချုပ်မှု နည်းလမ်းကောင်းများနှင့် တရားဥပဒေစိုးမိုးမှု တိုးတက်စေရန်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန်၊

(ဇ) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် နယ်စပ်ဖြတ်ကျော် စိန်ခေါ်မှုများကို ထိရောက်စွာဖြင့် စုပေါင်း၍ တုံ့ပြန်ရန်၊

(ဈ) အာဆီယံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ သဘာဝသယံဇာတများကို အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ဒေသ၏ ထာဝရတည်တံ့မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(ည) အာဆီယံဒေသအတွင်း ပြည်သူများ၏ စွမ်းရည်မြင့်မားစေရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်မှုကို အားမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားရန်၊

(ဋ) အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားစေရေးအတွက် လူသားစွမ်းရည်မြင့်မားစေမှုနှင့် လူမှုဝန်ထမ်းနှင့် တရားဥပဒေဆိုင်ရာကဏ္ဍများသို့ အခွင့်အလမ်းများ ဖော်ဆောင်ပေးသွားရန်၊

(ဌ) အာဆီယံနိုင်ငံများရှိ ပြည်သူများအတွက် လုံခြုံသော၊ အေးချမ်းသော၊ မူးယစ်ဆေးဝါး ကင်းစင်သည့် အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဍ) ပြည်သူများအား ဗဟိုပြုသည့်အဖွဲ့အစည်းအဖြစ် ပြုစုပျိုးထောင်ရန်၊ ယင်းအဖွဲ့အစည်းတွင် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးအနေဖြင့် အာဆီယံပေါင်းစည်းရေးနှင့် အသိုက်အဝန်း ထူထောင်ရေးကို ပါဝင်ဆောင်ရွက်ပြီး အကျိုးကျေးဇူးရရှိခံစားနိုင်ကြစေရန်၊

(ဎ) အာဆီယံအဖွဲ့အတွင်း ကွဲပြားခြားနားသော ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ တက်ကြွစွာ ပြုစုပျိုးထောင်ရန်နှင့် အာဆီယံ၏ ဘုံအသွင်လက္ခဏာ ပိုမိုခိုင်မာလာစေရန်၊

(ဏ) ပွင့်လင်း မြင်သာထင်သာရှိ၍ အများပါဝင်နိုင်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းအတွင်းတွင် ပြင်ပမိတ်ဖက်များနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့၌ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် ပင်မတွန်းအားဖြစ်သည့် တက်ကြွသော အခန်းကဏ္ဍတို့ကို ထိန်းသိမ်းသွားရန်တို့ ဖြစ်ပါတယ်။

အာဆီယံပဋိညာဉ်စာတမ်းအရ၊ ကျင့်သုံးတဲ့ အခြေခံမူတွေကတော့ -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အမှီအခိုကင်းမှု၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ သာတူညီမျှမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း ၊

(ခ) ဒေသဆိုင်ရာ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး တိုးတက်လာစေရန် ညီမျှသည့် ဆောင်ရွက်မှုနှင့် စုပေါင်းတာဝန်ယူမှုရှိခြင်း၊

(ဂ) ရန်လိုမှု၊ အင်အားသုံးမှု (သို့မဟုတ်) အင်အားသုံးရန် ခြိမ်းခြောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ကိုက်ညီမှုမရှိသည့် အခြားလုပ်ဆောင်မှုမှန်သမျှကို စွန့်လွှတ်ခြင်း၊

(ဃ) အငြင်းပွားမှုများကို ငြိမ်းချမ်းစွာအဖြေရှာသည့် နည်းလမ်းအပေါ် အားထားခြင်း၊

(င) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊

(စ) အဖွဲ့ဝင်နိုင်ငံတိုင်း၏ အမျိုးသားရေး တည်ရှိမှုအပေါ် ပြင်ပဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများမှ ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်သည့် အခွင့်အရေးကို လေးစားခြင်း၊

(ဆ) အာဆီယံ၏ ဘုံအကျိုးစီးပွားကို ပြင်းထန်စွာ ထိခိုက်စေသည့် ကိစ္စရပ်များအပေါ် တိုင်ပင်ဆွေးနွေးမှုများကို ပိုမိုပြုလုပ်ခြင်း၊

(ဇ) တရားဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနည်းလမ်းကောင်းများဖြင့် အုပ်ချုပ်မှု၊ ဒီမိုကရေစီရှိမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်အစိုးရရှိမှုဟူသည့် အခြေခံသဘောတရားများကို လိုက်နာခြင်း၊

(ဈ) အခြေခံလွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ခြင်းနှင့် လူမှုရေး တရားမျှတမှုကို မြှင့်တင်ခြင်းတို့ကို လေးစားခြင်း၊

(ည) ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘောတူလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဥပဒေ အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ဋ) အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်သည့် မိမိ၏ နယ်မြေကို အသုံးချခြင်းအပါအဝင် မည်သည့်မူဝါဒ သို့မဟုတ် လုပ်ဆောင်မှုမျိုးကိုမဆို ရှောင်ရှားခြင်း၊

(ဌ) ကွဲပြားမှုများရှိသော်လည်း စည်းလုံးညီညွတ်ခြင်းစိတ်ဓာတ်ကို ဘုံတန်ဖိုးထားမှုအပေါ် အလေးထား၍ အာဆီယံပြည်သူများ၏ ကွဲပြားခြားနားသည့် ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာတရားတို့ကို လေးစားခြင်း၊

(ဍ) ပြင်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးတို့တွင် တက်ကြွစွာ ပါဝင်ထိတွေ့ခြင်း၊ အမြော်အမြင်ရှိခြင်း၊ အများပါဝင်နိုင်ခြင်းနှင့် ခွဲခြားမှုမရှိခြင်းတို့ကိုဆက်လက်ထိန်းသိမ်းပြီး အာဆီယံကို ဗဟိုအချက်အချာကျစေခြင်း၊

(ဎ) ဈေးကွက်ကိုအခြေခံသည့် စီးပွားရေးတွင် စီးပွားရေးကတိကဝတ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၏ အဟန့်အတားများကို အဆင့်ဆင့်လျှော့ချရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး နည်းလမ်းများနှင့်အာဆီယံက ချမှတ်ထားသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊

**(ဆ) ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

အာဆီယံ ဒေသတွင်းနိုင်ငံများရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနဲ့ လူမှုရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုတွေကို ညှိနှိုင်းဆွေးနွေးတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနဲ့ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲများအပြီးမှာ ဆွေးနွေးဖက်နိုင်ငံများနဲ့ ဝန်ကြီးအဆင့် အစည်းအဝေးတွေကို သီးခြားစီ ကျင်းပလေ့ရှိပါတယ်။ အစည်းအဝေးတွေရဲ့ ရည်ရွယ်ချက်က နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေမှာ အာဆီယံဒေသတွင်းနိုင်ငံများ အချင်းချင်းသာမက အခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်တွေမှာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၁၆။ မျက်စိများ - ----------------------------

၁၇။ နှာခေါင်း - ----------------------------

၁၈။ ပါးစပ် - ----------------------------

၁၉။ သွားများ - ----------------------------

၂၀။ လက်ချောင်းများ - ----------------------------

၂၁။ နားရွက်များ - ----------------------------

၂၂။ မျက်နှာရှည်သည်/ ဝိုင်းသည်/ မျက်နှာထားချိုသည်/ မျက်နှာထားပုပ်သည်/ တွန့်ကြောင်းများသည် - ----------------------------

၂၃။ အသားအရောင် - ----------------------------

၂၄။ မုတ်ဆိတ် - ----------------------------

၂၅။ နှုတ်ခမ်းမွေးများ - ----------------------------

၂၆။ ထူးခြားသော အမှတ်အသားများ - ----------------------------

၂၇။ ထူးခြားသော အမူအရာများ - ----------------------------

၂၈။ အမြဲဝတ်တတ်သော အဝတ်တန်ဆာများ - ----------------------------

၂၉။ အမှုအကြောင်းအရာ အကျဉ်းချုပ် - ----------------------------

----------------------------

----------------------------

## အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ကချင်ပြည်နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီး ချေးငွေနှင့် လယ်ယာသုံး စက်ကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကချင်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကာ ကချင်ပြည်နယ် ဝန်ကြီးချုပ်က မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်များရှိ သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများအား လွှဲပြောင်းပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သမဝါယမလုပ်ငန်းများတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် ဖားကန့်မြို့နယ်၊ ပူတာအိုမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များသို့ ဆုများအသီးသီးပေးအပ်ချီးမြှင့်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍ (၃) ရပ်တွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် သမဝါယမအသင်းသုံးသင်းအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။



ဆက်လက်၍ ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းများမှ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူသည့် လယ်ယာသုံးစက်ကိရိယာများအား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ သမဝါယမအသင်းသားများက လက်ခံရယူခဲ့ပြီး သမဝါယမအသင်းသားများကိုယ်စား အသင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ခရိုင်(၄)ခုရှိ မြို့နယ် (၁၃)မြို့နယ်မှ သမဝါယမအသင်း ၄၈၇ သင်းရှိ အသင်းသား ၄၃၂၀၇ ဦးထံသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း ၁၇၂၉၄ ဒသမ ၀၃၄ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေကျပ် ၃၈၈ ဒသမ ၅၇၉ သန်းတန်ဖိုးရှိ လယ်ယာသုံးလက်တွန်းထွန်စက် ၁၃၉ စီးနှင့် ထွန်စက်ကြီး နှစ်စီးတို့အား လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ) ခန်လင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သမဝါယမအသင်းများမှ ဖိတ်ကြားထားသူများအင်အား ၄၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်နေသည့်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**တီးတိန် ဇူလိုင် ၂၄**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (National Electrification Project) ဖြင့် ကျေးရွာ ၃၉ ရွာတွင် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆိုလာမီးတပ်ဆင်ဆောင်ရွက်သည့်ကျေးရွာ ၃၉ ရွာအနက် ဘွင်လီ၊ ထိန်းလေး၊ တွီးတော့၊ တွီးဆန်ဇန်၊ ဇိမ်ပီး၊ ဟိုင်မွာလ်(သ)နှင့် ဆာဘွာလ်ကျေးရွာများသို့ ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်အထိ ဆိုလာမီးတပ်ဆင်မှု အခြေအနေများအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍စစ်ဆေးခဲ့ကြကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာရှစ်ရွာတွင်လည်း ဆက်လက်ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း တီးတိန်မြို့နယ်ကျေးလက်ဦးစီးမှူးရုံးမှ သိရသည်။

"အခု NEP ဆိုလာမီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်ရဲ့ ကူညီထောက်ပံ့မှုနဲ့ ဆောင်ရွက်နေတာပါ။ ဒီလုပ်ငန်းကိုမဟာဓာတ်အားလိုင်းဖြတ်သန်းတဲ့ နေရာကနေပြီး 11KV အတွင်းမှာရှိတဲ့ ကျေးရွာတွေကလွဲရင် ကျန်ကျေးရွာအားလုံးမှာ ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မဟာဓာတ်အားလိုင်းနဲ့ ရေအားလျှပ်စစ်လုံးဝမရရှိနိုင်တဲ့ ကျေးရွာတွေကို အဓိကဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု တီးတိန်မြို့နယ်ကျေးလက်ဦးစီးမှူး ဦးပုန့်ပြင်းထန်က ပြောကြားသည်။



အဆိုပါ NEP ဆိုလာမီးလင်းရေးစီမံကိန်းသည်ပြည်သူများအရစ်ကျရန်ပုံငွေထည့်ဝင်မှုစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီးချင်းပြည်နယ်တွင် Zenith Power ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာဇူလိုင် ၂၁ ရက်အထိ ကျေးရွာ ၃၉ ရွာအနက် ကျေးရွာ ၃၁ ရွာ၌ ဆိုလာမီးတပ်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ကျေးလက်ဦးစီးမှူးက ဆက်လက်ပြောပြ၍ သိရသည်။

**ဓိုဟေဆာ**

## ကျေးရွာများသို့ အခမဲ့ကွင်းဆင်းဆေးကုသ

**မောက်မယ် ဇူလိုင် ၂၄**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေး ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်း ဦးဆောင်၍ ဇူလိုင် ၂၃ ရက်တွင် မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု တင်ကုန်းကျေးရွာ အမက ကျောင်း၌ ဒေသခံ ရှမ်းတိုင်းရင်းသား ကလေးများအားတစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးပေးခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငှက်ဖျားပိုးရှိ၊ မရှိသွေးစစ်ပေးခြင်း၊ ကျေးရွာနေ သက်ကြီးပြည်သူများ ၁၀၀ ကျော်ခန့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့်ကျန်းမာရေးဆရာမဒေါ်သီတာရှိန်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များ၊ မိုးရာသီတွင်ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ မွေးရာပါဦးနှောက်ငယ်ရောဂါနှင့်ဆက်စပ်နေသည့်ဇီကာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ နေ့အချိန် ခြင်ကိုက်ခြင်းမှ ကာကွယ်ကြရန်ဟောပြောဆွေးနွေးကာ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေး ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူထုကျန်းမာရေးလုပ်သားများ လိုက်ပါကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အရာရှိမွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှကြီးမှူး ဖွင့်လှစ်သည့် အရာရှိများမွမ်းမံသင်တန်း(၂/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း (ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က သင်တန်းအဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အရာရှိမွမ်းမံသင်တန်း(၂/၂၀၁၇)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ အရာရှိဝန်ထမ်း ၃၈ ဦးတို့အား ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **(ရွှေကုက္ကို)**

## ပြည်သူများနှင့် အဖွဲ့အစည်းများ၏အားထားရာ နေရာတစ်ခုဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း ဇူလိုင် ၂၄**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများသည် ပြည်သူအများ ပညာဗဟုသုတရရှိနိုင်စေရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်နည်းပညာများ သိရှိနိုင်စေရန် သုတ/ရသ စာအုပ်များအခမဲ့ငှားရမ်းပေးခြင်း၊ WiFi များအခမဲ့ သုံးစွဲစေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကလေးစာဖတ်ခန်းများသီးသန့်ထားရှိပေးကာ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ရုံးခွဲများတွင် ဖွင့်လှစ်ထားပေးလျက်ရှိရာ စစ်ကိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာနအနေဖြင့်လည်း ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ငှားရမ်းမှုအချိန်နည်းပါးသည့် ပြည်သူများထံ အခမဲ့လက်ဝယ်အရောက် လှည့်လည်ငှားရမ်းပေးလျက်ရှိကြောင်းသိရသည်။

ယနေ့အချိန်တွင် စစ်ကိုင်းမြို့ရှိ လူမှုအဖွဲ့အစည်းအသီးသီးဖြစ်သည့် စစ်ကိုင်းဓာတ်ပုံအသင်း ၊ သတင်းစာဆရာများအသင်း၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ၊ အငြိမ်းစား ပညာရေးဝန်ထမ်းများအဖွဲ့များသည် မိမိတို့ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဓာတ်ပုံဆုများ ရွေးချယ်ခြင်း၊ အမှုဆောင်သစ်ရွေးချယ်ခြင်း၊ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်းများကို ခရိုင်ပြန်/ဆက်ရုံးတွင် နေရာပေးထားသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း လူမှုအဖွဲ့အစည်းများထံမှ ကြားသိရသည်။

"ကျွန်တော်တို့ စစ်ကိုင်းဓာတ်ပုံအသင်းသားများအနေနဲ့ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးညီညီဇော်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ရုံးမှာဘယ်အချိန်လုပ်ငန်းဆောင်ရွက် ဆောင်ရွက် နေရာတစ်နေရာပေးတဲ့အတွက် လုပ်ငန်းတွေဆောင်ရွက်ရတာ အဆင်ပြေတယ်ဗျာ" ဟု ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းဝင်းကပြောကြားခဲ့သည်။

"ခရိုင်ဦးစီးအရာရှိ ဦးညီညီဇော်ကလည်း ကျွန်တော်တို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဆိုတာ ပြည်သူမျိုးစုံ၊ အဖွဲ့အစည်းမျိုးစုံနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံနေရတာဆိုတော့ အားလုံးကို အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။ ဇူလိုင် ၂၂ ရက်ကဆိုရင် အဖွဲ့အစည်း သုံးမျိုးဖြစ်တဲ့ ဓာတ်ပုံဆုရွေးချယ်ပွဲရယ်၊ သတင်းစာဆရာများလုပ်ငန်းညှိနှိုင်းပွဲရယ်၊ အပတ်စဉ်ပြုလုပ်နေကျဖြစ်တဲ့ မြစ်မင်းဧရာ စာဖတ်ဝိုင်းအဖွဲ့ရယ် တစ်ရက်တည်း တိုက်ဆိုင်နေလို့ ရုံးအပေါ်ထပ်၊ အလယ်ထပ်နှင့် အောက်ဆုံးထပ်မှာနေရာခွဲပြီး ချထားပေးလိုက်ရတာ အားလုံးအဆင်ပြေသွားလို့ သူတို့တွေလည်း ဝမ်းသာပီတိဖြစ်နေကြပါတယ်၊ ဆက်လက်ပြီးသူတို့အဖွဲ့အစည်းတွေ အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးသွားမှာပါ" ဟုပြောကြားခဲ့သည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် စာရေးဆရာများ စုပေါင်း၍ မြစ်မင်းဧရာ စာဖတ်ဝိုင်းကို တစ်လလျှင် နှစ်ကြိမ်၊ တစ်ပတ်ခြားစနေနေ့တိုင်း ကျင်းပပြီး စာပေချစ်မြတ်နိုးသူ မည်သူမဆို တက်ရောက်ပါဝင် ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူများထံချေးငွေပေးအပ်

**ပြည် ဇူလိုင် ၂၄**

ပြည်မြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက လယ်ယာလုပ်ငန်းကဏ္ဍနှင့်လယ်ယာမြေကိုအခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍများ တိုးတက်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှထုတ်ချေးသော ချေးငွေများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူလယ်သမားများထံသို့ ချေးငွေပေးအပ်ခြင်းအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက Two Step Loan နှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ကျော်၊ JICA Myanmar Office မှ Senior representative Mr.Sakai တို့က တောင်သူသုံးဦးလက်ဝယ်သို့ လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်သောစာရွက်စာတမ်းများ ပေးအပ်ခဲ့ကြသည်။

ချေးငွေထုတ်ချေးရာတွင် လယ်သမားများထံငွေပေးခြင်းမျိုးမဟုတ်ဘဲ လယ်သမားများကမိမိဝယ်လိုသောပစ္စည်းများကို မိမိဝယ်ယူလိုသောကုမ္ပဏီမှ စိတ်ကြိုက်ရွေးချယ်ပြီး ချေးငွေစစ်ဆေးရေးဌာနသို့ သတ်မှတ်အထောက်အထားများဖြင့် ပြည့်စုံစွာ လျှောက်ထားရမည်ဖြစ်ပြီး စည်းကမ်းချက်နှင့်ကိုက်ညီလျှင် စက်ပစ္စည်းရောင်းချသောကုမ္ပဏီထံသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တိုက်ရိုက်ငွေပေးချေကာ လယ်သမားထံသို့ စက်ပစ္စည်းပေးအပ်ခြင်းဖြစ်သည်။

စီမံကိန်းကာလမှာ လေးနှစ်စီမံကိန်းဖြစ်ပြီး ဂျပန်ဘဏ်သို့ နှစ် ၄၀ အတွင်းအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ ချေးယူသောလယ်သမားများမှာ နှစ်တိုအတွက် လေးနှစ်၊ နှစ်ရှည်အတွက် ငါးနှစ်အတွင်း အကျေပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရှေ့ပြေးအနေဖြင့်ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ ထပ်မံပါဝင်ချေးပေးပြီး ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်ကမ်းပါးပြိုကျ ပြည်သူများသွားလာမှုအခက်အခဲဖြစ်

**ကျောက်ကြီး ဇူလိုင် ၂၄**

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် တုံးကြီးကျေးရွာအုပ်စု ရှမ်းချောင်းကျေးရွာနှင့် ကျောက်ကြီးမြို့မရပ်ကွက်တစ်ခုဖြစ်သော တောင်ငူတန်းရပ်ကွက်သို့ ဆက်သွယ်ထားသော လမ်းတစ်လျှောက်ကမ်းပါးများ ပြိုကျမှုများကြောင့် ခရီးသွားပြည်သူနှင့် ကျောင်းသား ကျောင်းသူများ သွားလာရန်ခက်ခဲနေသည်ဟု ရှမ်းချောင်းကျေးရွာဒေသခံတစ်ဦးကပြောသည်။ အဆိုပါလမ်းတစ်လျှောက်ရှိ ကမ်းပါးပြိုကျရာမြောင်းသည် လေးဖာလုံကျော်ရှည်လျားပြီး နှစ်စဉ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှုပိုမိုများလာသည်ဟု ဒေသခံများကပြောသည်။

"ဒီမြောင်းက တောင်ကျရေဆင်းတဲ့မြောင်းဖြစ်နေတော့ ရေစီးအားကသန်တယ်။ မိုးကလည်း ဆက်တိုက်ရွာ ရေကလည်းအမြဲတမ်းလိုလိုတိုးလာတော့ ကမ်းပါးက နေ့စဉ်ပြိုနေတာပဲ။ လူသွားလမ်းကတဖြည်းဖြည်းကျဉ်းလာတော့ သွားရလာရတာ တော်တော်ခက်နေပြီ။ ကျောင်းသားတွေနဲ့ ခရီးသွားတွေသွားလာရတာ အဆင်မပြေတော့ဘူး" ဟု ရှမ်းချောင်းကျေးရွာနေ ဒေါ်သန်းဝင်းကပြောသည်။

ကျောက်ကြီးမြို့နယ်အတွင်း မိုးရွာသွန်းမှုသည်ယခုရက်ပိုင်းအတွင်း ခုနစ်ရက်ကျော်ဆက်တိုက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ မြို့နယ်အတွင်းဖြစ်ပေါ်လျက်ရှိပြီး ပဲခူးရပ်ကွက်မြို့တွင်း ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့် ရွှေမင်းဝံကုန်းတော်ဘုန်းတော်ကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ထောက်ပံ့မှုပြုလုပ်ပေးသူများရှိကြောင်း မြို့ခံပြည်သူများထံမှသိရသည်။

**ကိုကျောက်ကြီး**



&efukbwmifywf½Hk[fqfuJtuDaemifvkdU, f&wyfU&rS;ifarmif0D onfZlvdkif21&ufnae5em&DqfuJtuDaemifvkdU, f'n0wDrf caemifvdkaemuf;yfuuf'r®kdrtcifuqifa&;toyfnmay; a[majymcJhma'ocHjynfol70ceD;ufa&mufcJhonf (689)

# စံရွေး-သရော်တာကျိုးပေါက်မှုအား တာဖို့ပြုပြင်ခြင်းနှင့် ကူညီကယ်ဆယ်ခြင်းများပြုလုပ်



**သာယာဝတီ ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေမြင့်တက်၍ မြစ်မခချောင်းရေတိုက်စားမှုကြောင့် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ် စံရွေးကျေးရွာမှ လက်ပံတန်းမြို့နယ် ဆင်လမ်းကျေးရွာအထိ ဆက်သွယ်ထားသည့် စံရွေး-သရော်တာသည် သုံးဆယ်မြို့နယ် အိပ်လဟာကျေးရွာအနီး၌ အကျယ်ပေ ၁၀၀၊ အမြင့် ၁၅ ပေခန့်ရှိ မြေသားတာ ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ တာကျိုးပေါက်ရာသို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်သားများသွားရောက်ကာ တာဖို့ခြင်းနှင့် သဲအိတ်စီခြင်းများ ဆောင်ရွက်ပေးပြီး တာကျိုးမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၈ လုံး၊ လူဦးရေ ၁၃၅ ဦးတို့ကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများနှင့် ယာယီတဲများ ဆောက်လုပ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူရိန်(ဥပဒေ)**

# ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များရှင်းလင်းရေး စုပေါင်းလုပ်အားပေး

**အုတ်တွင်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်း နေအိမ်ရှေ့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ပြုပြင်တူးဖော်ခြင်း၊ အမှိုက်သရိုက်များရှင်းလင်းဆောင်ရွက်ခြင်းများကို ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီက ဌာနဆိုင်ရာ၊ NGO၊ CSO နှင့် တပ်မတော်သားများ စုပေါင်းလုပ်အားပေးကြသည်။

အဆိုပါ စုပေါင်းလုပ်အားပေးပွဲသို့ တပ်ရင်းတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ အင်အား ၅၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့နယ် အလုံလမ်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်

**ဒဂုံ ဇူလိုင် ၂၄**

ဒဂုံမြို့နယ် အလုံလမ်း(ပြည်လမ်းမှ ဗဟိုလမ်းထိ) ဝဲ/ယာရေနုတ်မြောင်းများအား ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုးဦးဆောင်ကာ ရေစီးဆင်းမှုကောင်းမွန်စေရေးဆောင်ရွက်ခဲ့ကြသည်။

"ရေနုတ်မြောင်းတွေကအုတ်မြောင်းတွေဆိုတော့ လုပ်ကိုင်ရတာအဆင်ပြေပါတယ်။ မြောင်းထဲမှာ သဲနုန်းတွေပဲဆယ်ယူပေးရတာပါ။ လွှတ်တော်ဘက်ခြမ်းမှာ သစ်ပင်တွေအုပ်ဆိုင်းနေတာ၊ မြက်ချုံတွေကိုလည်း ပန်းဥယျာဉ်ဌာနက လုပ်သားတွေနဲ့ ရှင်းလင်းပေးခဲ့ပါတယ်။ သန့်ရှင်းရေး၊ လမ်းတံတားနဲ့ ပန်းဥယျာဉ် လုပ်သား ၁၀၀ ခန့်နဲ့ စုပေါင်းဆောင်ရွက်ပေးတာပါ" ဟု ဒဂုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသိန်းလွင်ကရှင်းပြသည်။

အဆိုပါ လုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ သန့်ရှင်းရေးဌာန ခရိုင်မှူးဦးအောင်ထိုက်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တို့ လာရောက်ကြည့်ရှုစစ်ဆေးကာ အလုံလမ်းဖြတ်မြေအောက် Box Culvert ၌ ပိတ်ဆို့နေသည်များကို စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

**မောင်မောင်**

# ရေဘုတ်ဆည်ရေဝင်ရောက်မှုအခြေအနေနှင့် မိုးစပါးစံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကြည့်ရှု

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ ထီလုံရေဘုတ်ဆည်၊ သာမညကျေးရွာလျှိုပိတ်ဆည်တို့ ရေဝေရေလွှဲဧရိယာ ရေဝင်ရောက်မှုခံနိုင်ရည်အခြေအနေ၊ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေနှင့် ကျေးလက်လမ်းအခြေအနေများကို ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးဦးစီးမှူး၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးမှူး၊ ပြည်နယ်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု၊ သမ္ဘာန်ကျေးရွာ စိုက်ပျိုးပညာပေးစခန်းအနီးရှိ (SRI) နည်းစနစ်ဖြင့် ပင်ကြား၊ တန်းကြား ၁၀ လက်မခြား ပင်ပွား အပင် ၂၀၊ အပင်အမြင့် နှစ်ပေ ရှိနေသော သက်တမ်း တစ်လသား ဆင်းသုခမျိုး စပါးများ၏ ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုသည်။

အဆိုပါ (SRI)စနစ်ဖြင့် စိုက်ပျိုးရာတွင် တစ်ဧကအထွက်တင်း ၁၂၀-၂၀၀ ထိ ထွက်ရှိနိုင်ပြီး ယခင်နှစ်က ဘားအံမြို့နယ် တရုတ်လှကျေးရွာ တင်း ၁၄၇ တင်းထွက်ရှိကြောင်းနှင့် လုပ်သားကုန်ကျစရိတ်လည်း နည်းပါးပြီး အမှန်တကယ်အကျိုးရှိနည်းစနစ်များဖြစ်သောကြောင့် တောင်သူများအား နည်းပညာပေးရန်ရှိကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆဲင်ဇခုပ်က ရေဘုတ်ဆည်ရေသောက် ဧရိယာအတွင်း စိုက်ပျိုးထားသော စိုက်ခင်းများကို ခရုဖျက်ပိုးကာကွယ်ရန်အတွက် ဓာတုပိုးသတ်ဆေးမသုံးဘဲ သဘာဝနည်းဖြင့် ခရုများကို ထောင်ချောက်ဆင်ဖမ်းဆီးခြင်း၊ လူအားဖြင့် ကောက်ယူဖျက်ဆီးခြင်း၊ ထီလုံကျေးရွာတွင် ကောက်ယူထားသော ခရုများကို လယ်ကွင်းအတွင်း သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုရန် ဆောင်ရွက်ထားပါကြောင်း ခရုများ ဖျက်ဆီးခြင်းကြောင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိရေး ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေဘုတ်ဆည်သို့ ရောက်ရှိရာ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးမှူး ဦးအောင်ဗိုလ်က မိုးရွာသွန်းမှု အခြေအနေအရ ဆည်ရေအမြင့် ၆၅ ပေထိ သိုလှောင်နိုင်ခဲ့ပြီး ပိုလျှံရေများကို ရေပိုလွှဲ နှစ်ခုမှ ထုတ်လွှတ်ပေးနေမှုနှင့် တာတမံ၏ ကြံ့ခိုင်မှုကို ရေရှည်တည်တံ့နိုင်စေရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က ရေပိုလွှဲမှ ရေထုတ်လွှတ်မှုများကို လည်းကောင်း၊ ရေထိန်းစနစ်ဖြင့် ရေများစနစ်တကျ ပို့လွှတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့နယ် အိန္ဒုကျေးရွာရှိ တောင်သူ ဦးဝမ်း၏ မိုးစပါးဆင်းသုခ သုံးဧကစိုက်ခင်း၌ ပြုလုပ်သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျကြဲပက်ခြင်း တောင်သူပညာပေးပြပွဲသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ သာမညကျေးရွာတွင် နွေရာသီ၌ ရေရှားပါးမှုမရှိစေရေးအတွက် ဆောင်ရွက်ထားသော ရေဂါလန် နှစ်သန်းကျော် သိုလှောင်ထားနိုင်သည့် လျှိုပိတ်ဆည်၏ ရေဝင်ရောက်မှုအခြေအနေ၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများကိုလည်းကောင်း၊ ကော့ကဒါကျေးရွာနှင့် လက္ခဏကျေးရွာအကြား ဆက်သွယ်ထားသည့် ကျေးလက်တံတားဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ရေကြီးမှုကြောင့် ရေလွတ်ရာသို့ယာယီပြောင်းရွှေ့

**ကျောက်တံခါး ဇူလိုင် ၂၄**

ရေကြီးမှုများနေရာအနှံ့ဖြစ်ပေါ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင်လည်း စစ်တောင်းမြစ်ရေကမ်းပြည့်ကမ်းလျှံဖြစ်ပြီး ချောင်းများ ရေလျှံကာ ကျေးရွာ ရပ်ကွက်အချို့သို့ ရေများဝင်ရောက်ခဲ့ရာ ဇူလိုင် ၂၄ ရက်က လက်ခံကျေးရွာအုပ်စု ငါးဖယ်အင်းကျေးရွာတွင် ရေကြီးနစ်မြုပ်ခြင်း အန္တရာယ်မှကင်းဝေးစေရေးအတွက် လူနှင့်တိရစ္ဆာန်များ ရေလွတ်ရာသို့ ခေတ္တယာယီရွှေ့ပြောင်းထားရကြောင်းသိရသည်။

"အခုကျွန်တော်တို့ ငါးဖယ်အင်းကျေးရွာမှာ အိမ်ခြေ ၉၀ ခန့်ရှိပြီး အိမ်ခြေ ၂၀ ခန့် လူနဲ့ တိရစ္ဆာန်တွေလုံးဝနေထိုင်လို့မရတဲ့အတွက် အဆင်ပြေတဲ့နေရာကိုပြောင်းရွှေ့နေရာချဖို့ ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေနဲ့တိုင်ပင်ပြီး ရွာထိပ်ကုန်းမြေနေရာကိုယာယီရွှေ့ပြောင်းထားပါတယ်။ မိုးကလည်းဆက်ရွာနေပြီး စစ်တောင်းမြစ်ရေက ကမ်းပြည့်ကမ်းလျှံဖြစ်နေပါတယ်။ ကျွန်တော်တို့ရွာက စစ်တောင်းမြစ်ကမ်းခြေနဲ့လည်းနီးပါတယ်။ ရေဆက်ကြီးလာနိုင်တဲ့အတွက် ရေကြီးမှုသတင်းတွေကိုအချိန်နဲ့တစ်ပြေးညီ အသံချဲ့စက်နဲ့ကြေညာပေးနေပါတယ်" ဟု လက်ခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

# “ဒီပ” ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲ ထားဝယ်၌ ကျင်းပ

**ထားဝယ် ဇူလိုင် ၂၄**

မြိတ်ဗုဒ္ဓ၏ အဆုံးအမ၊ မြန်မာပြည်တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ညွှန်းရိုက်ကူးမည့် ‘ဒီပ’ မြန်မာရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာရိုက်ကူးရေးအတွက် ကန်တော့ပွဲပေးအခမ်းအနားကို ထားဝယ်မြို့ ပိန္နဲတောရပ် မြို့မရှင်ဓာတ်ဝဲကျောင်းတိုက် ဓမ္မာရုံ၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

‘ဒီပ’ မြန်မာရုပ်ရှင်ဇာတ်ကားကြီးကို ပုလဲဖြူရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေး(မြိတ်)မှ ဦးကျော်မိုးသူ-ဒေါ်ဖြူဖြူအေးတို့က စီစဉ်၍ ဇာတ်ညွှန်း နော်ကောင်း၊ သူရဇ္ဇ၊ ဇာတ်လမ်း/ဒါရိုက်တာ ကျော်ဗိုလ်ဗိုလ်သာ ရိုက်ကူးပုံဖော်ကာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံသရုပ်ဆောင်သစ်များနှင့် ပွင့်လင်းရာသီတွင် စတင်ရိုက်ကူးမည်ဖြစ်သည်။ **ဖိုးရွှေသွန်း(ထားဝယ်)**




# ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်များ

ပြီးခဲ့တဲ့ ဇူလိုင် ၂၁ ရက်မှစတင်ကာ မြောက်အမေရိကမှာ ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်တွေအနက် ဒုတိယကမ္ဘာစစ်ကြီးရဲ့ တစ်စိတ်တစ်ဒေသကို ပုံဖော်ထားတဲ့ရုပ်ရှင် "Dunkirk" ဟာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ အခြားသောရုပ်ရှင်တွေဖြစ်ကြတဲ့ ဟာသရုပ်ရှင် "Girls Trip" နဲ့ "Valerian and the City of a Thousand Planets" တို့ဟာ "Dunkirk" ရဲ့ နောက်မှာ အသီးသီးရပ်တည်နေကြကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Dunkirk" ဟာ ရိုက်ကူးခဲ့စဉ်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် အကုန်အကျခံရိုက်ကူးခဲ့ရတဲ့ရုပ်ရှင်ဖြစ်ပြီး အဖွင့်သီတင်းတစ်ပတ်တည်းမှာပဲ မြောက်အမေရိကက ရုပ်ရှင်ရုံတွေအားလုံးမှ ရရှိခဲ့တဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ သန်း ၅၀ ကျော်ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါရိုက်တာ ခရစ်စတိုဖာနော်လန်က တာဝန်ယူရိုက်ကူးပေးထားတဲ့ ယင်းရုပ်ရှင်ဟာ ဝေဖန်သူတွေရဲ့ အကောင်းမြင်ခြင်းခံခဲ့ရတဲ့ ရုပ်ရှင်တစ်ကားလည်းဖြစ်ပြီး လာမယ့်သြဂုတ်လအထိ ဝင်ငွေကောင်းတဲ့ရုပ်ရှင်တစ်ကားအဖြစ် ဆက်လက်ရပ်တည်နေဦးမှာဖြစ်တယ်လို့လည်း ဝေဖန်ခဲ့ကြပါတယ်။ ဒ့ါကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ သန်း ရရှိခဲ့တဲ့ "Dunkirk" ဟာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဆယ်ကားစာရင်းမှာတော့ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ယင်းရုပ်ရှင်မှာ ဗြိတိန်ရဲ့ နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “One Direction”မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်ဟာ ဟယ်ရီရဲ့ ပထမဆုံးသောရုပ်ရှင်လည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်တွေအနက် နံပါတ်နှစ်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ ရုပ်ရှင်ကတော့ ဟာသရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Girls Trip" ပဲ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄ သန်း ရရှိခဲ့တာဖြစ်ပြီး ရိုက်ကူးခဲ့စဉ်က ဒေါ်လာ သန်း ၂၀ အကုန်အကျခံကာ ရိုက်ကူးခဲ့တာဖြစ်တဲ့အတွက် ယင်းရုပ်ရှင်ဟာလည်း ဝင်ငွေအရ အောင်မြင်တဲ့ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ယင်းရုပ်ရှင်ဟာ ခန့်မှန်းထားတဲ့ဝင်ငွေထက် ကျော်လွန်ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် ယင်းရုပ်ရှင်ဟာ ယခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ လိုက်ဖ်အက်ရှင်ဟာသရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ "Girls Trip" ရဲ့ ဝင်ငွေဟာ "Baywatch"၊ "Snatched"၊ "Rough Night" နဲ့ "The House"တို့ရဲ့ ဝင်ငွေတွေထက် ကျော်လွန်ရရှိခဲ့တာဖြစ်ပါတယ်။

အဖွင့်သီတင်းပတ်မှာပဲ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဆယ်ကားစာရင်းမှာ နံပါတ်ငါးနေရာမှာသာ ရပ်တည်နိုင်ခဲ့တဲ့ ရုပ်ရှင်ကတော့ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင် အမျိုးအစားဖြစ်တဲ့ "Valerian and the City of a Thousand Planets" ပဲ ဖြစ်ပါတယ်။ ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့် အကုန်အကျခံကာ ဖန်တီးခဲ့ရတဲ့ ယင်းရုပ်ရှင်ဟာ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၇ သန်းခန့်သာ ရရှိခဲ့တာဖြစ်ပါတယ်။

အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ "War for the Planet of the Apes" ကတော့ ပြီးခဲ့တဲ့သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံး စတုတ္ထနေရာမှာသာ ရပ်တည်နိုင်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၂၀ ရရှိခဲ့တာဖြစ်ပြီး ကြည့်ရှုသူရာခိုင်နှုန်းကတော့ အဖွင့်သီတင်းပတ်ကထက် ၆၇ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်းလည်း သိရပါတယ်။

တတိယမြောက်သီတင်းပတ်အဖြစ် ပြသခဲ့တဲ့ "Spider-Man: Homecoming"ကတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၂၂ သန်းရရှိခဲ့ပြီး တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းမှာ နံပါတ်သုံးနေရာမှာ ရပ်တည်နေတာတွေ့ရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဆယ်ကားစာရင်းမှာပါဝင်နေတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Despicable Me 3"၊ "Baby Driver"၊ "The Big Sick"၊ "Wonder Woman" နဲ့ "Wish Upon" တို့ဖြစ်ကြပါတယ်။



# "Wonder Woman 2"ကို စတင်စီစဉ်နေပြီဖြစ်

အမျိုးသမီးလူစွမ်းကောင်းရုပ်ရှင်တစ်ကားဖြစ်တဲ့ “Wonder Woman”ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်ကို လတ်တလောမှာ စတင်စီစဉ်နေပြီဖြစ်ကြောင်း ယင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ကော့စ်မိုပိုလီတန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဝင်ငွေအရ အောင်မြင်ခဲ့တဲ့ ဟောလိဝုဒ်ရုပ်ရှင်တစ်ကားဖြစ်တာကြောင့် နောက်ဆက်တွဲရုပ်ရှင်ကို ဆက်လက်ဖန်တီးဖြစ်တာ အံ့သြစရာမဟုတ်ပေမယ့် ပရိသတ်တွေအနေနဲ့ နောက်ဆက်တွဲရုပ်ရှင်ကို အထူးမျှော်လင့်နေချိန်မှာ ယင်းရုပ်ရှင်ရဲ့ ထုတ်လုပ်ရေးဖြစ်တဲ့ ဝါနာဘရိုစ်က ရုပ်ရှင်သစ်အတွက် စတင်အစီအစဉ်တွေရေးဆွဲနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ပထမဆုံးသော “Wonder Woman”ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့လအတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပြီး မြောက်အမေရိကမှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လာမယ့် ရုပ်ရှင်သစ်မှာလည်း ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဒိုင်ယာနာပရင့်စ်အဖြစ် ပါဝင်ခဲ့တဲ့ မင်းသမီး ဂဲလ်ဂတ်ဒေ့ါကပဲ ပြန်လည်ပါဝင်ပေးသွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့တနင်္ဂနွေနေ့က မင်းသမီးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဂဲလ်ဂတ်ဒေ့ါဟာ လတ်တလောမှာ သူပါဝင်ထားတဲ့ရုပ်ရှင်တစ်ကားဖြစ်တဲ့ “ Justice League”အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။

“Wonder Woman 2”ကိုတော့ ယခင်ရုပ်ရှင်ကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ပတ်တီဂျန်ကင်စ်ကပဲ တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ကြောင်း သတင်းတွေထွက်နေပြီး ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာတော့ သူက ပရိသတ်တွေချစ်မြတ်နိုးနေတဲ့ အချိန်မျိုးမှာ ဇာတ်လမ်းသစ်ကို ဆက်သင့်တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ ဒါပေမယ့် ရုပ်ရှင်သစ်နဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ လတ်တလောအချိန်အထိ ထုတ်ပြန်ကြေညာပေးခဲ့ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

# တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ EXO

ပြီးခဲ့တဲ့သီတင်းတစ်ပတ်အတွင်း တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ခဲ့တဲ့ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ EXO ဟာ လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်နဲ့အတူ တေးဂီတဇယားအချို့ကို ဦးဆောင်ထားနိုင်ခဲ့တာကို တွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

နောက်ဆုံးထွက်ရှိထားတဲ့ EXO ရဲ့တေးအယ်လ်ဘမ်သစ် “The War” ဟာ လတ်တလောမှာတော့ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တွေပေါ်ကနေ တစ်ဆင့် ကူးယူနားဆင်သူအများဆုံး တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဒေသတွင်းက ဝက်ဘ်ဆိုက်တွေပေါ်မှာ နံပါတ်တစ်နေရာယူထားရုံသာမကဘဲ နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်တွေဖြစ်ကြတဲ့ iTunes ပေါ်မှာတော့ နိုင်ငံပေါင်း ၄၂ နိုင်ငံမှာ ထိပ်ဆုံးကရပ်တည်နေတာဖြစ်ပြီး Apple တေးဂီတဇယားက နိုင်ငံပေါင်း ၁၈ နိုင်ငံမှာ ပရိသတ်အများဆုံးရရှိထားတဲ့ တေးအယ်လ်ဘမ်အဖြစ် နံပါတ်တစ် နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။



ယင်းတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ လေးခုမြောက် တေးအယ်လ်ဘမ်ဖြစ်ပြီး ပြီးခဲ့တဲ့ ဇူလိုင် ၁၉ ရက်မှာ အွန်လိုင်းကနေတစ်ဆင့် စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ “The War ”ဟာ EXO ရဲ့ တေးအယ်လ်ဘမ်အပြည့်အနေနဲ့ ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ်တွေနဲ့မတူဘဲ ယင်းတေးအယ်လ်ဘမ်မှာတော့ အရောင်တွေနဲ့ အဓိကပုံဖော်ပေးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုအောင်မြင်မှုတွေရရှိခဲ့ပေမယ့် တစ်ဖက်မှာလည်း တေးအယ်လ်ဘမ်သစ်နဲ့အတူ ထုတ်လွှင့်ခဲ့တဲ့ “Ko Ko Bop”ရဲ့ တေးဗီဒီယိုနဲ့ပတ်သက်ပြီး ဝေဖန်သံတွေ ပေါ်ထွက်လာစေခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Ko Ko Bop”ဟာ အခြားသော နာမည်ကျော်တေးသံရှင်တစ်ဦးရဲ့ တေးသီချင်းနဲ့ အလွန်ဆင်တူနေကြောင်းနဲ့ EXO အနေနဲ့ ဒေးဗစ်ဂတ်တာရဲ့ “Light My Body Up”ကို ကူးချဖန်တီးခဲ့ဟန်ရှိကြောင်း ဝေဖန်စွပ်စွဲသံတွေဟာလည်း ကျယ်ကျယ်လောင်လောင်ပေါ်ထွက်လာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

တေးအယ်လ်ဘမ်သစ် “The War”မှာတော့ အဖွဲ့ဝင် ရှစ်ဦး ပါဝင်ဖန်တီးထားတာဖြစ်ပြီး အဆိုးမြင်တဲ့ဝေဖန်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့်လည်း EXO ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ အဖွဲ့ရဲ့ ကျော်ကြားမှုတွေကို ထပ်ဆောင်းပံ့ပိုးပေးနိုင်တဲ့ အောင်မြင်တဲ့တေးအယ်လ်ဘမ်သစ်တစ်ခုဖြစ်ခဲ့တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၂၁-၆-၂၀၁၇ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၄-၈-၂၀၁၇** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ရွှေအိုးကြီး 1-8-2017 ညထွက်ပါမည်
တောင်ပြုံး၊ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် (၄)ရက်ခရီးစဉ်
Hotel (2)ညအိပ်၊ ဆိုင်ထမင်းကျွေး
တောင်တက်ကားခအားလုံးငွေ 100000
09421073634, 777636630

ရွှေကျော် Aug-1
ရွှေတောင်ပြုံးမင်းနှစ်ပါးပွဲတော်နှင့် မန္တလေး၊ပြင်ဦးလွင်၊ကျောက်စိမ်း ဘုရားကျောက်ဆည် ၄ရက် ၅၀၀၀၀/-
09 - 73177727, 09 - 5194608

သုံးရာသီ ဗမ္ဗဒါန
တောင်ပြုံးမင်းနှစ်ပါးပွဲ
တောင်ပြုံး တောင်ကြီး အင်းလေး(၆၀၀၀၀/-)
တောင်ပြုံးမုံရွာ ပုပ္ပါး ပုဂ္ဂုံ(၅၀၀၀၀/-)
တောင်ပြုံး ဖေါင်တော် စစ်ကိုင်း(၄၀၀၀၀/-)
1-8-2017
420144148, 421163797

အရှက် အာကာမိုး
T-Shirt
650/850
တီရှပ်၊ စပို့ရှပ်ဖြန့်ချီရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း
ဈေးနှုန်းသက်သာသည့်ဆိုင်တွင်ဝယ်ယူပါ
Arr Kar Moe T Shirt Distribution
CB Bank
09454090685, 09451655671






AC BOND
Aluminium Composite Panel
အထူးလျှော့ဈေး
3 mm
1-19 pcs 13000 Ks
20-49 pcs 12500 Ks
50-above 12000 Ks

(၁) အမှတ် ၂၈၅ ၊ အောက်ကြည့်မြင်တိုင်လမ်းအလုံ ၊ ရန်ကုန်။ Ph : 09 440 150 550
(၂) အမှတ် ၇၅၊ ဗညားဒလလမ်း၊ သျှင်ပါကူဆေးရုံအနီး၊တာမွေ ။ Ph : 09 440 150 450

တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်
ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည် ။
09-73077733 01-682844
09-73077744 01-682944

ပြည်လမ်းမတန်းခြံ ရောင်းမည်။
ပြည်လမ်းမတန်း၊ (၈)မိုင်၊ မရမ်းကုန်း (၄၄ ပေ × ၇၀ ပေ)
လုံးချင်းနှစ်ထပ်တိုက် ရောင်းမည်။ (ပွဲစားမလို)
ဆက်သွယ်ရန် 09 77 22 33 777


**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဦးရွှေအေး ၁၂/သကတ(နိုင်)၀၅၇၀၂၁နှင့် ဒေါ်ညွန့်ခိုင်၁၂/ခရန(နိုင်)၀၁၉၆၃၈တို့၏သား မောင်မျိုးမင်းထက် ၁၂/ဒဂရ(နိုင်)၀၂၈၃၈၁ သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးရွှေအေး-ဒေါ်ညွန့်ခိုင်


သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394


**မွေးသက္ကရာဇ်အမှန်**

သုံးခွမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာ အ. ထ. က(ဘုရားကြီး) ဒသမတန်း(က) မှ အဖ ဦးမောင်ဇော်၏သမီး မစောယုနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၁၀-၂၀၀၁)ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၇-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၄)ဒေါ်ခင်မာလင်း၏အမည်ပြောင်းတွင်မြေကွက်လိပ်စာတွင်(၆)ရပ်ကွက်အစား(၅)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။


အောင်ရှ အဆင့်မြင့်နိုင်ငံခြားဖြစ် Steel လုံခြုံရေးဘီဒိုများသွားဆူးကြိုး
ဖြန့်ချိနေမှု Steel ဘီဒိုများသွားဆူးကြိုးများကို စတီးတုတ်ကြိုး၊ စတီးတန်းကြိုးများ အသုံးပြုကာ သံချေးမတက်ကြောင်း (၁၅)နှစ် အာမခံဖြင့် အိမ်အရောက် လက်ခမဲ့ စရိတ်ငြိမ်း လိုက်လံတိုင်းတာ တပ်ဆင်ပေးနေပါသည်။
အမှတ်(၃၁/A)၊ သမိုင်းဘူတာရုံလမ်းမ၊ UABဘဏ်အနီး၊ မရမ်းကုန်းမြို့နယ်။
Ph : 09-5529696, 09-8629696






SUPER

အာဟာရပြည့် သက်သတ်လွတ်

# စူပါကွေကာ

(၃၀)ဂရမ် အပြည့်ပါရှိသည်။

✆ 09 5178737



ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
တတ္ထုသိုက်ဝင်ထန်း တတုဗေဒ သင်ရိုးကုန်စာအုပ်
Ph: 09 252 210 320
ထွက်ပြီ

Three Seasons Car Rental Service
မြို့တွင်း/မြို့ပြင်
Ph:09-421027767,09-975803600

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

"စက်မှုဇုန်စက်ရုံ အမြန်ရောင်းမည်"
ဈေးနှုန်းချိုသာစွာဖြင့် ဦးရာလူရောင်းမည်
တောင်ဒဂုံစက်မှုဇုန် (၂)၊ ၆၃ရပ်ကွက်၊ စက်မှုပတ်လမ်းမပေါ်၊ မြေအကျယ်ပေ (၈၀ ×၇၀)၊ စက်ရုံအကျယ် RC (၄၀ × ၆၀)၊ သုံးထပ်ခွဲ၊ ရေမီးစုံ၊ ပါဝါမီတာ (၄၁)ကောင် (၂)လုံး၊ လုပ်ငန်းစုံလုပ်ရ၊ တည်းခိုခန်းဖွင့်ရန်၊ ဘဏ်ဖွင့်ရန် နေရာကောင်း
ရောင်းဈေး -သိန်း (၆၀၀၀)
Ph : 09 785503598 , 09 250021585

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home
ပါကြေး အစားထိုး ကြမ်းခင်း
မိုးရာသီ Promotion



ကြမ်းခင်း ၃ ကျင်း ဝယ်လျှင်
အလှကြည့်မှန် လက်ဆောင်



80 x 60 cm
ပိတ်ရက်မရှိ
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
★ လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
GRADE A,B,C,D
စစ်မှန်မှု ကို စက်ဖြင့် 'အခမဲ့' လက်တွေ့ စစ်ဆေးပေးသည်။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
Building(N), အခန်း(33,34), သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေးဝင်းအနီး၊ မြောက်ဥက္ကလာပ။
HOTLINE: 09-79 700 70 71
09-79 700 70 81
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

AAS Air.con
Sales & Services

| | | |
|---|---|---|
| Electrolux | 1HP | 390000/- |
| Mitsubishi | 1HP | 390000/- |
| Panasonic | 1HP | 340000/- |
| Chigo | 1HP | 260000/- |
| TCL | 1HP | 245000/- |

ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင် အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။



| | |
|---|---|
| သင်္ဃန်းကျွန်းဆိုင်ခွဲ 01-573811,578957 | မြောက်ဥက္ကလာဆိုင်ခွဲ 09-8614140 |
| တာမွေဆိုင်ခွဲ 09-5054228 | လှိုင်သာယာဆိုင်ခွဲ 09-420033464 |
| ၄၅၀ လမ်းဆိုင်ခွဲ 09-420071954 | မန္တလေးဆိုင်ခွဲ 09-450236294 |

Hawk Group
Sofa Settee (ဆိုဖာဆက်တီ)အဟောင်းများကိုပြုပြင်ပေးပါသည်။



မပြုပြင်မီ



ပြုပြင်ပြီး

ဖုန်းလေးဆက်လိုက်ရုံပါပဲ ...
☎ : 09428138891, 09789444709



ဧရာဝတီ၊ စစ်တောင်း၊ ဝေါ၊ တိုး

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

**ဧရာဝတီ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်ပေခန့်နှင့် ဇလွန်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်စီကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်း**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါ**

ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**တိုး**

တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါ မြစ်ကမ်းများအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**



အာရှယူ-၂၃ ခြေစစ်ပွဲအပြီး

## (၂၉)ကြိမ်မြောက် ဆီးဂိမ်းအတွက် ဆက်လက်လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်း

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာယူ-၂၂ အသင်းသည် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အာရှ ယူ-၂၃ ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုဆက်လက်ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❂



ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့်

## ညောင်တုန်းမြို့၌ စာသင်ကျောင်း ၃၁ ကျောင်း ယာယီပိတ်ထားရ

**ညောင်တုန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယခုရက်များအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေနှင့်အထက် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေသို့ ကျော်လွန်ရောက်ရှိကာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ၂၅ ဒသမ ၀၀ ပေသို့ ရောက်ရှိနေပြီဖြစ်သည်။ မြို့၏ မြို့ပတ်တာအမြင့်မှာ ပေ ၃၀ ဒသမ ၅၀ ဖြစ်သည်။

အချို့နေရာများတွင် စာသင်ကျောင်းများအတွင်း ဧရာဝတီမြစ်ရေများ ဝင်ရောက်လာမှုကြောင့် သွားလာမှုခက်ခဲပြီး အန္တရာယ်ရှိလာနိုင်ခြင်း၊ အခြေခံပညာကျောင်းအချို့ ရေကြီးနစ်မြုပ်မှုများရှိလာခြင်း၊ သဘာဝဘေးအန္တရာယ်အခြေအနေများကြောင့် ဇူလိုင် ၂၃ ရက်ထိ အခြေခံပညာမူလတန်းကျောင်း ၁၄ ကျောင်း ယာယီပိတ်ထားခဲ့ရာမှ ဇူလိုင် ၂၄ ရက်တွင် အခြေခံပညာ စာသင်ကျောင်း ၁၇ ကျောင်းကို ထပ်မံယာယီပိတ်ထားခဲ့ရသည်။

စုစုပေါင်းစာသင်ကျောင်းပေါင်း ၃၁ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

“အခုလိုရေတက်ကြမ်းပုံမျိုးနဲ့ဆိုရင် ရေတက်ချိန်ကြာပြီး တန့်နေရင် အန္တရာယ်ရှိလာနိုင်တယ်”ဟု မြို့ပတ်တာအနီး နေထိုင်သူဒေသခံတစ်ဦးက ပြောသည်။

အဆိုပါမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပတ်ရေကာတာများ ထူးပေါက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်းမရှိစေရေး ရေဘေးအန္တရာယ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

